# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၉ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၂၁၆)


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော်  မေ  ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးသည် အရေးကြီးပြီး တပ်မတော်သားများ၏ အသက်ခန္ဓာဖြစ်သော အမိန့်နာခံတတ်မှုသည် လေ့ကျင့်ရေးမှ အခြေခံခြင်းဖြစ်ကြောင်း၊


*စာမျက်နှာ ၃ ကော်လံ ၁* ❖





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ယနေ့** *ဇတ်စရာ*

## နိုင်ငံ့အကျိုးထမ်းရွက်ကြသူ ထာဝရတစ်သက်တာ လူရည်ချွန်ကြီးများ


ဆောင်းပါး စာ ၆


## ဆီထွက်သီးနှံ တိုးတက်စိုက်ပျိုး ပြည်အကျိုး


ဆောင်းပါး စာ ၁၀







## ဂျပန်နိုင်ငံ၌ ယခုနှစ်အတွင်း ဝက်သက်ရောဂါ ဖြစ်ပွားသူဦးရေ ၄၀၀ ကျော် ရှိလာ


နိုင်ငံတကာသတင်း စာ ၁၇


## စိုက်ပျိုးရေးကဏ္ဍတွင် ရေအရင်းအမြစ်ကို အကျိုးရှိရှိ အသုံးချ


ဆောင်းပါး စာ ၁၆




### အမြင့်ဆုံး နေ့အပူချိန်များ

(၈ - ၅ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| တောင်တွင်းကြီးမြို့ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက်မြို့ | ၄၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဟသ်ာတမြို့ | ၄၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီမြို့ | ၄၁ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ငါးသိုင်းချောင်းမြို့ | ၄၁ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ရေဆင်း(ဇေယျာသီရိ) | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြည်မြို့ | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကြို့ပင်ကောက်မြို့ | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

### ယနေ့ မိုးလေဝသ (၈-၅-၂၀၂၆)

**နေပြည်တော်**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# အမှန်တကယ် တိုးတက်လိုက အမှန်တကယ် အလုပ်လုပ်ဖို့လို

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍကို မြှင့်တင်ကာ ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် လိုအပ်သည်။ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာခြင်းအားဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်ကိုလည်း တိုးမြှင့်ရရှိစေနိုင်သည်။ ပြည်ပပို့ကုန်တင်ပို့မှု တိုးတက်မြင့်မားလာသည်နှင့်အမျှ ပြည်ပဝင်ငွေ ပိုမိုရရှိလာစေမည်ဖြစ်ပြီး နိုင်ငံ့စီးပွားကိုလည်း ဖွံ့ဖြိုးလာစေမည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ စီးပွားရေးတွင် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ၏ ကဏ္ဍမှာ အထူးအရေးပါသည်။ MSME လုပ်ငန်းများတွင် လိုအပ်သောကုန်ကြမ်းများကို ပြည်ပမှ ဝယ်ယူလုပ်ကိုင်ခြင်းထက် ဒေသတွင်းမှ ရရှိသောကုန်ကြမ်းများကို အသုံးပြုဆောင်ရွက်သည့် လုပ်ငန်းများက ပိုမိုတိုးတက်လျက်ရှိသည်ဟု သိရသည်။ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး အဓိကလုပ်ကိုင်သည့် နိုင်ငံဖြစ်ရာ အဓိက စားသုံးသီးနှံဖြစ်သည့် ဆန်စပါးအပြင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ မီးဖိုချောင်သုံးသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စသည်တို့ကို အမျိုးအမည်အများအပြား စုံလင်စွာစိုက်ပျိုးထုတ်လုပ်နိုင်သည်။ စိုက်ပျိုးမှုမှ ထွက်ရှိလာသည့် သီးနှံထုတ်ကုန်အမယ်စုံ အများစုတို့ကို နောက်ထပ်တန်ဖိုးမြှင့်ကုန်ချောများအဖြစ် ထုတ်လုပ်နိုင်မှုမှာ နည်းပါးသည်။ သို့ဖြစ်ရာ မိမိနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်နိုင်သည့် ကုန်ကြမ်းများဖြင့် ထုတ်လုပ်ထားသည့် ပစ္စည်းအများအပြားတို့ကို ပြည်ပနိုင်ငံတို့မှ တင်သွင်း၍ စားသောက်သုံးစွဲနေကြရသည်။

ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ရာတွင် ကုန်ကြမ်း၊ ငွေကြေးအရင်းအနှီး၊ သွင်းအားစုများ၊ လူသားအရင်းအမြစ်များ လိုအပ်ပြီး လုပ်ငန်းထူထောင်မှု လွယ်ကူလျင်မြန်ရန်နှင့် မလိုအပ်သောကနဦး ကုန်ကျစရိတ်များ မရှိရန်လည်းလိုသည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍကို အားပေးမြှင့်တင်ရန် လိုအပ်သလို တစ်ဖက်တွင်လည်း တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးကို ဖိဖိစီးစီး ထိထိရောက်ရောက် ဆောင်ရွက်ရမည်လည်း ဖြစ်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းမှ ဝင်ရောက်လာသောအရည်အသွေးနိမ့်ပြီး ဈေးပေါသည့်ကုန်စည်များ ပြည်တွင်းဈေးကွက်သို့ ရောက်ရှိလာခြင်းက ပြည်တွင်းရှိ ကုန်ထုတ်လုပ်ငန်းငယ်အများအပြားကို စီးပွားပျက်စေကာ လုပ်ငန်းများ ရပ်ဆိုင်းသွားစေခဲ့ရာ ပြည်တွင်းလုပ်ငန်းများကို အကာအကွယ်ပေးရန်လိုသည်။

“ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများသည် များစွာအရေးပါကြောင်း၊ အလားတူ သမဝါယမစနစ်ဖြင့် ကုန်ထုတ်လုပ်မှုများကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားရန် လိုကြောင်း၊ MSME လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်၍ ရသကဲ့သို့ တစ်ဦးချင်းအနေဖြင့်လည်း ဆောင်ရွက်နိုင်ကြောင်း” နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ သို့ဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတို့တွင် ရှိနေကြသော အမျိုးအစားတူ လုပ်ငန်းငယ်ကလေးများ သမဝါယမစနစ်ဖြင့် စိတ်တူကိုယ်တူ ပူးပေါင်းကြကာ ပိုမိုကြီးမားသည့် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြခြင်းက ဈေးကွက်တွင် အောင်မြင်မှုကို ပိုမိုရရှိနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် ဝါး၊ ဝါ၊ ကော်ဖီ၊ ရော်ဘာစသည့် ကုန်ကြမ်းများ အများအပြားရရှိနိုင်ပြီး ၎င်းကုန်ကြမ်းများနှင့် ဆက်စပ်၍ ကုန်ထုတ်လုပ်ငန်းများ အများအပြား လုပ်ကိုင်နိုင်သည်။ ပြည်တွင်း၌ ဝါစိုက်ဧကအများအပြားရှိနေရာ ဝါကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရန်၊ ရှိပြီးဖြစ်သော ဝါအခြေခံ စက်မှုကုန်ထုတ်လုပ်ငန်းများ အဆင့်မြှင့်တင်ရေးဆောင်ရွက်ရန်နှင့် ဈေးကွက်တွင် တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မလာရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အလားတူ သယံဇာတ အများအပြား ရှိပြီးဖြစ်သည့် ဝါး၊ ရော်ဘာတို့ကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဆောင်ရွက်ရေး၊ သရက်၊ ဒူးရင်း၊ ကြက်မောက်၊ ငရုတ်ကောင်း၊ ကျွဲကောတို့အပါအဝင် ဥယျာဉ်ခြံမြေထွက် သီးနှံများကို အဆင့်မြင့် ကုန်ထုတ်သီးနှံများအဖြစ် ထုတ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်ရေးတို့ကို ဒေသအလိုက် ကြိုးပမ်းကြရန်လိုသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကုန်ထုတ်လုပ်မှုကဏ္ဍကို မြင့်မားအောင် မြှင့်တင်ရာတွင် အရေးကြီးသည့်အချက်မှာ အလုပ်လုပ်ကြရန်ပင်ဖြစ်သည်။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုသည့်အတိုင်း စကားနောက်တရားပါ အမှန်တကယ်အားထုတ်လုပ်ကိုင်ကြခြင်းဖြင့် အောင်မြင်နိုင်ပါမည့်အကြောင်း။

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် ပြခန်းကို မေ ၁၀ ရက်အထိ ဆက်လက်ဖွင့်လှစ်ပြသမည်

**ရန်ကုန် မေ ၈**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြခန်းကို ဧပြီ ၃၀ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်၌ စတင်ဖွင့်လှစ်ခဲ့ရာ စိတ်ပါဝင်စားသူပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြည်ညိုနိုင်ရန်အတွက် မေ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆက်လက်ဖွင့်လှစ်ပြသထားရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၈-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၂၀၀၀၀၀ ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**ရန်ကုန် မေ ၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## (၈-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၇ ~ ၃၆၆၈ | ၅၅၈.၁ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၁၃,၉၅၀,၆၉၂.၉၄ | ၇,၄၆၅,၄၆၀.၀၀ | ၁၆,၇၄၈,၂၂၁.၇၃ | ၁၄၂,၁၀၀.၇၀ |
| ဗဟိုဘဏ်မှဈေးကွက်အတွင်းရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ၊ ဂျုံ၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၃၀ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၃၃ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၅-၂၀၂၆ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၀၀ | ၄၆၉၀ | ၄၆၃၀ | ၄၅၂၀ | ၄၆၉၀ | ၄၇၀၅ | ၄၇၅၅ | ၄၆၀၀ | ၄၇၅၅ | ၅၀၇၀ | ၄၆၂၀ | ၄၈၁၅ | ၄၇၂၅ | ၄၆၈၀ | ၄၆၈၀ | ၄၈၉၀ |
| 95 Ron | ၄၆၅၀ | ၄၈၄၀ | ၄၇၇၅ | ၄၆၆၅ | ၄၈၄၀ | ၄၈၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၉၀၀ | ၅၂၂၀ | ၄၇၇၀ | ၄၉၈၅ | ၄၈၇၅ | ၄၈၃၀ | ၄၈၃၀ | ၅၀၄၀ |
| HSD (500 ppm) | ၅၀၅၀ | ၅၂၃၀ | ၅၁၇၀ | ၅၀၆၅ | ၅၂၃၀ | ၅၂၄၀ | ၅၂၉၀ | ၅၁၄၅ | - | ၅၅၉၅ | ၅၁၆၅ | ၅၆၁၅ | ၅၂၆၅ | ၅၂၂၀ | ၅၂၂၀ | ၅၄၂၀ |
| HSD (50 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | ၆၃၂၀ | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၉၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |
| HSD (10 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၉၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၆၉ | ၄၃၈၈ |
| 95 Ron | ၄၄၁၃ | ၄၅၃၅ |
| HSD (500 ppm) | ၄၈၁၅ | ၄၉၄၁ |
| HSD (50 ppm) | ၅၇၈၉ | ၅၉၃၄ |
| HSD (10 ppm) | ၅၇၈၉ | ၅၉၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - ဟန်လင်းအောင်
**စာတည်းမှူး** - ခင်ရတနာ
**စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့
**အကြီးတန်း** - ကျော်သူဝင်း၊ တင်မောင်လွင်၊
**သတင်းထောက်များ** ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**"ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်အတွက် အရေးကြုံချိန် နိုင်ငံ့သားကောင်းတစ်ယောက်ပီသစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသူများဖြစ်၍ အသိအမှတ်ပြု ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိပြီး ထိုက်သင့်သော အကျိုးခံစားခွင့်များကို ပေးအပ်ချီးမြှင့်ခဲ့၊ ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေကြသူများလည်းရှိ၍ ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် အဆိုပါပြည်သူ့စစ်မှုထမ်းများအား ဖခင်စိတ်ဓာတ်၊ ညီအစ်ကိုစိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်တို့ဖြင့် လက်တွဲခေါ်ယူရန်လို"**

❖ *ရှေ့ဖုံးမှ*

အမိန့်နာခံမှုရှိပြီး စည်းကမ်းကောင်းမွန်မှုသည် စစ်သည်တော်ကောင်းတစ်ဦး၏ အင်္ဂါရပ်ပင်ဖြစ်ကြောင်း၊ အမိန့်နာခံမှုနှင့် စည်းကမ်းလိုက်နာမှု အားကောင်းပါက အောင်မြင်မှုများစွာ ရရှိမည်ဖြစ်ကြောင်း၊ တပ်မတော်သားဘဝသည် ရခဲသောဘဝဖြစ်၍ အသက်ကို စွန့်လွှတ်ရန် သစ္စာပြုထားသူများ ဖြစ်သည့်အတွက် မိမိတပ်မတော်သားဘဝကို ချစ်မြတ်နိုး၍ ဂုဏ်ယူစွာ တာဝန်ထမ်းဆောင်ကြရန် လိုကြောင်း၊ တပ်မတော်သား ဇနီး၊ မယားများသည်လည်း ဂုဏ်ယူစွာဖြင့် ပါရမီဖြည့်ဖက်ကောင်းများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။

ရာထူးနှင့်ဥစ္စာသည် လုပ်ယူ၍ မရကြောင်း၊ မိမိ၏လုပ်ဆောင်မှု၊ ကြိုးစားအားထုတ်မှုနှင့် ကိုက်ညီသော အခြေအနေကိုသာ ရရှိနိုင်ကြောင်း၊ သင်တန်းကျောင်းများ၏ သင်တန်းဆင်းမှတ်ချက်နှင့် အရည်အချင်း သတ်မှတ်ချက်များသည် မှန်ကန်နေရန်လိုကြောင်း၊ သင်တန်းဆင်း အရည်အချင်း သတ်မှတ်ချက်သည် တာဝန်ပေးအပ်မှုတွင် အရေးပါသဖြင့် အရေးကြီးကြောင်း၊ ၎င်းကွပ်ကဲနေသည့် အဖွဲ့အစည်းပေါ်တွင် သက်ရောက်မှုများရှိ၍ သင်တန်းကျောင်းများက မှန်ကန်သော အရည်အချင်းအရ သတ်မှတ်ပေးရန်လိုကြောင်း၊ တပ်မတော်တွင် ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များ ရှိကြောင်း၊ တပ်မတော်သားများ ဖြစ်သည့်အတွက် ဝတ်စားဆင်ယင်မှု၊ သွားလာနေထိုင်မှုကအစ စည်းကမ်း စနစ်တကျရှိရန် လိုအပ်ပြီး စည်းကမ်းသည် တိုက်တွန်းချက်၊ တားမြစ်ချက်ပင်ဖြစ်၍ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာကြရန် လိုကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် ခေါင်းဆောင်မှုသည်လည်း လွန်စွာ အရေးကြီးပြီး ခေါင်းဆောင်မှု မကောင်းလျှင် လက်အောက်၏ ယုံကြည်အားကိုးမှု ကျဆင်း၍ တပ်တွင်း စည်းလုံးညီညွတ်မှုကို ထိခိုက်စေကြောင်း၊ အမိန့်သည် ပြီးစလွယ်ပေး၍ မရကြောင်း၊ မှန်ကန်သည့် အမိန့်ဖြစ်ရန်နှင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်လိုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း၊ မိမိလက်အောက်သို့ အရေးယူ အပြစ်ပေးရာတွင် မဆုံးဖြတ်မီ သေချာစွာ စဉ်းစားသုံးသပ်ရန် လိုကြောင်း၊ မလိုလားအပ်သော ဆုံးဖြတ်ချက် အလွဲများကြောင့် ကာယကံရှင်တွင် နစ်နာမှုများ ရှိသကဲ့သို့ တပ်မတော်အတွက်လည်း ဆုံးရှုံးမှုများဖြစ်စေကြောင်း။

တပ်မတော်သားများ အနေဖြင့် သစ္စာရှိရန် အထူးလိုအပ်ပြီး သစ္စာအဓိဋ္ဌာန် ၄ ချက်ကို နေ့စဉ် ရွတ်ဆိုနေသူများ ဖြစ်ကြောင်း၊ သစ္စာသည် စွမ်းအားထက်မြက်သဖြင့် သစ္စာပျက်ယွင်းချိုးဖောက်မှုများသည် ဘေးအန္တရာယ်ဖြစ်စေကြောင်း၊ စည်းရုံးရေးနှင့် ပတ်သက်၍ အထက်အောက် အပြန်အလှန် လေးစားမှုဖြင့် ကောင်းမွန်သော ဆက်ဆံရေး ရှိရန်လိုကြောင်း၊ ခေါင်းဆောင်များသည် မိမိကွပ်ကဲအုပ်ချုပ်ရသူများ၏ အရည်အသွေးနှင့် အကျင့်စာရိတ္တကို သိရှိရန်လိုကြောင်း၊ စည်းကမ်းနှင့် ပတ်သက်၍ ခွင့်လွှတ်၍ရသည်ကို ခွင့်လွှတ်၍ ခွင့်လွှတ်၍မရသည်ကို ခွင့်လွှတ်မပေးရန် လိုကြောင်း၊ ခွင့်လွှတ်၍ရသည်များကို နားလည်ခွင့်လွှတ်သွန်သင် ထိန်းကျောင်းပေးသွားရန်လိုကြောင်း၊ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စ စသည့် ပြစ်မှုများသည် ခွင့်လွှတ်၍ မရကြောင်း။

တပ်မတော် သားကောင်း တစ်ယောက် ဖြစ်ရန်အတွက် မတော်လောဘဖြင့် ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမပြုရန်နှင့် ကင်းရှင်းစွာနေထိုင်ရန်လိုကြောင်း၊ ဘာသိဘာသာနေခြင်းသည် အဖွဲ့အစည်းကို ပျက်စီးစေနိုင်၍ စည်းကမ်းပိုင်းတွင် အသေးအဖွဲ့မှစ၍ လျှော့ပေါ့မပေးရန် လိုကြောင်း၊ အထက်အောက် ဆက်ဆံရေးတွင် မှန်မှန်ကန်ကန် တင်ပြမှုသည် အရေးကြီး၍ အခြေအနေမှန်ကို တင်ပြနိုင်မှသာ ခေါင်းဆောင်များ မှန်ကန်စွာ ဆုံးဖြတ်နိုင်မည် ဖြစ်ကြောင်း၊ အဆင့်လိုက်တာဝန်ခံမှု၊ တာဝန်ယူမှုရှိပြီး အခြေအနေမှန်ကို တင်ပြပေးရန်လိုကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ တပ်မတော်၏ အဓိကတာဝန်ဖြစ်သော နိုင်ငံတော်ကာကွယ်ရေး တာဝန် ထမ်းဆောင်နိုင်ရန် ကျန်းမာ၊ ကြံ့ခိုင်နေရန်လိုကြောင်း၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးတို့သည် ကိုယ်တိုင်လုပ်ယူရသည့် ကိစ္စဖြစ်၍ ကျန်းမာရေးကောင်းမွန်ရန် တစ်ဦးချင်းကျင့်ကြံနေထိုင်ရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ Standard Army ဖြစ်ရန် ပညာရေးကို မြှင့်တင်သွားရန် လိုကြောင်း၊ ခေတ်မီစစ်လက်နက်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးချနိုင်ရန် ပညာရည်မြင့်မားရန် လိုအပ်၍ တပ်မှူးများက စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ အရာရှိ၊ စစ်သည်များ၏ ပညာရေးကို ပိတ်ပင်ခြင်းမပြုရန်နှင့် လမ်းဖွင့်ပေးရန်၊ ဖြည့်ဆည်းပေးရန်လိုကြောင်း၊ အလားတူ မိသားစုဝင်သားသမီးများ၏ ပညာရေးကိုလည်း အားပေးမြှင့်တင်ရန်နှင့် အနည်းဆုံး KG+9 အဆင့် အောင်မြင်ရန်လိုပြီး ဝါသနာအရဖြစ်စေ၊ အထက်တန်းပညာရေးကို ဆက်လက်တက်ရောက်ရန် အခက်အခဲရှိ၍ဖြစ်စေ၊ စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်ရင်း/ဌာနချုပ်အသီးသီး၌ မူကြိုကျောင်းများကိုလည်း ဖွင့်လှစ်ပေးထားပြီး ကလေးငယ်များ၏ နုနယ်သော စိတ်ထားကို လေ့ကျင့်သင်ကြားပေးနိုင်ရန် အရည်အချင်းရှိသော ဆရာမများ ခန့်အပ်ပေးနိုင်ရန် လိုကြောင်း။

ထို့အပြင် လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှ စတင်၍ ပညာရေးနှင့် ပတ်သက်သည့် ကဏ္ဍသစ်တစ်ခုကို စတင်ဖော်ဆောင်ရန်ရှိပြီး တပ်မတော်လူငယ် ပညာရေး သင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင် စတင်ဖွင့်လှစ်၍ အခြေခံပညာ အထက်တန်းအဆင့် ပညာရပ်များကို သင်ကြားပေးသွားမည် ဖြစ်ကြောင်း။

ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော် ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ် ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သား အရင်းအမြစ်ကောင်းများလည်း ပေါ်ထွန်းလာမည်ဖြစ် ကြောင်း၊ အတန်းစဉ်ကူးပြောင်းမှု ကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများ နှင့် ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော်ဆေးဘက် ဆိုင်ရာ ပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းများအထိ တပ်မတော်၏ ကူညီဖြည့်ဆည်းပေးမှုများနှင့် ဆက်လက် တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စိုက်ပျိုး၊ မွေးမြူရေးနှင့် ပတ်သက်၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးသည် ကိုယ်တိုင် အကျိုးကျေးဇူးကို လက်တွေ့ခံစားရနိုင်ပြီး ငွေပိုငွေလျှံများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများသည် တပ်ရင်းတစ်ရင်းလုံးရှိ မိသားစုများအတွက် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးရန် ဖြစ်ကြောင်း။

အမျိုးသမီး စစ်မှုထမ်းများသည် တပ်မတော်၏ ခွန်အားတစ်ရပ်ဖြစ်ပြီး တပ်မတော်၏ နယ်ပယ်အသီးသီးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် ဖခင်၊ ညီအစ်ကို၊ မောင်နှမ၊ သားသမီးများအဖြစ် စောင့်ထိန်း၍ စောင့်ရှောက်ကာ တစ်ဖက်မှာလည်း လုပ်ဖော်ကိုင်ဖက်ကောင်းများ အဖြစ် လက်တွဲခေါ်ယူကြရန် လိုကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများ အနေဖြင့်လည်း ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ မိမိအဖွဲ့အစည်း အပေါ် သိက္ခာကျဆင်းစေသော ဝတ်စားဆင်ယင်မှုကို ရှောင်ကြဉ်၍ ခေတ်မလွန်စေရန် သတိပြုရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ ပျက်စီးစေရာဖြစ်သော အကြောင်းတရား ၆ ပါးကို ရှောင်ကြဉ်ကြရန် လိုကြောင်း။

စစ်မှုထမ်းဟောင်းများသည် တပ်မတော်၏ အမာခံအင်အားဖြစ်၍ နီးစပ်ရာအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုကြောင်း၊ စစ်မှုထမ်းဟောင်းများ၏ မိသားစုများအထိ ကျန်းမာရေး၊ ပညာရေး စသည်တို့ကို ကူညီစောင့်ရှောက်ပေးရန်လိုကြောင်း၊ ထို့အတူ ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံတော်အတွက် အရေးကြုံချိန် နိုင်ငံ့သားကောင်း တစ်ယောက်ပီသစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသူများဖြစ်၍ အသိအမှတ်ပြု ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးလျက်ရှိပြီး ထိုက်သင့်သော အကျိုးခံစားခွင့်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်နေကြသူများလည်းရှိ၍ ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် အဆိုပါပြည်သူ့စစ်မှုထမ်းများအား ဖခင်စိတ်ဓာတ်၊ ညီအစ်ကို စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်တို့ဖြင့် လက်တွဲခေါ်ယူရန်လိုကြောင်း။

တပ်မတော်သားများ အနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် စေတနာထား၍ လုပ်ဆောင်ရန်၊ သစ္စာရှိစွာ လုပ်ဆောင်ရန် လိုကြောင်း၊ အခွင့်အရေး၊ ရာထူး မြော်တွေး၍ မလုပ်ဆောင်ကြရန် လိုကြောင်း၊ ထိုသို့ စေတနာ၊ သစ္စာရှိစွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် အောင်မြင်သော တပ်မတော်သားကောင်းများဖြစ်အောင် မိမိကိုယ်ကိုမိမိ တည်ဆောက်သွားရန်လိုကြောင်း ပြောကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစတင်၍ ပညာရေးနှင့်ပတ်သက်သည့် ကဏ္ဍသစ်တစ်ခုကို စတင်ဖော်ဆောင်ရန်ရှိပြီး တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင် စတင်ဖွင့်လှစ်၍ အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်**

❖ **ထိုသို့ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ် ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများလည်း ပေါ်ထွန်းလာမည်ဖြစ်၊ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာတက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာ ပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းများအထိ တပ်မတော်၏ ကူညီဖြည့်ဆည်းပေးမှုများနှင့် ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်**



# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား အစဉ်အလာရှိသည့် ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်ရေး၊ ကုန်သွယ်မှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tariq Karim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲ ဆဋ္ဌသင်္ဂါယနာတင်ရာ သမိုင်းဝင်နေရာနှင့် သမိုင်းမှတ်တမ်းများ အသေးစိတ်လေ့လာနိုင်

**ရန်ကုန် မေ ၈**

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် အထူးပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး ပတ်လမ်းတွင် ဆက်လက်ပြသလျက်ရှိရာ လာရောက်လေ့လာသူ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



ယနေ့ အထူးပြပွဲသို့ လှည်းကူး ပညာရေး ဒီဂရီကောလိပ်၊ မှော်ဘီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ ရန်ကုန်တိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ်သာသနာရေးမှူးရုံးမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လှည်းကူးမြို့နယ် သီလရှင်စာသင်တိုက်များမှ သီလရှင်ဆရာလေးများ၊ ရဟန်းရှင်လူပြည်သူများ လာရောက်လေ့လာကြသည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် မဟာမင်္ဂလာ အထိမ်းအမှတ် အထူးပြပွဲတွင် ပထမသင်္ဂါယနာတင်မှ ဆဋ္ဌသင်္ဂါယနာတင်အကြောင်းအရာများနှင့် ယနေ့ခေတ်သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များပြသထားပြီး ပြကွက်(၁၀)၌ သာသနာတော် ဆက်လက်အဓွန့်ရှည် တည်တံ့စေရန် ရည်ရွယ်၍ခေတ်အဆက်ဆက် တည်ထားကိုးကွယ် ပူဇော်ထားရှိသော ရွှေတိဂုံစေတီတော်၊ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်၊ မဟာလောကမာရဇိန်ကုသိုလ်တော် ဘုရား၊ ကုသိုလ်တော်ဘုရားတွင် ရေးထိုးထားသော ကျောက်စာများနှင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဆောင်ရွက်ခဲ့သော သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များ ဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၊ မာရဝိဇယကျောက်စာမော်စေတီများ၊ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်စာတို့ကို ပြသထားသည်။

ထို့အတူ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်တည်တံ့ထွန်းကား ပြန့်ပွားရေးအတွက် သာသနာပြုမင်း အဆက်ဆက်၏ သာသနာတော်ဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း လေ့လာသူများ တွေ့မြင်မှတ်သားနိုင်မည်ဖြစ်သည်။

သာသနာသက္ကရာဇ် ၂၄၁၅ ခုတွင် မင်းတုန်းမင်းတရားကြီးက ပဉ္စမသင်္ဂါယနာတင်ပွဲကို မန္တလေး ရတနာပုံနေပြည်တော်၌ ကျင်းပခဲ့ပြီး ပိဋကတ်တော်များကို ကျောက်စာထက်၌ ရေးထိုးခဲ့သည်။

သာသနာသက္ကရာဇ် ၂၄၉၈ ခုတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ရန်ကုန်မြို့ ကမ္ဘာအေးရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ဆရာဒကာ လက်တွဲညီစွာ ကျင်းပခဲ့ပြီး မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားမှ သံဃာတော်များ စုပေါင်းပါဝင်ခဲ့သည်။ ပဉ္စမသင်္ဂါယနာတင်စဉ်က ကျောက်စာများကို မူရင်းထား၍ ပိဋကတ်တော်များကို ထပ်မံတည်းဖြတ်ကာ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

မျက်မှောက်ခေတ်တွင်လည်း ဗုဒ္ဓသာသနာတော်ကို အရှည်တည်တံ့ထွန်းကား ပြန့်ပွားရေးအတွက် ရှေးရှေးမင်းကောင်းမင်းမြတ်တို့ ကျင့်သုံးခဲ့သည့် အစဉ်အလာအတိုင်း သာသနာတော်ကို ချီးမြှင့်ထောက်ပံ့ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်ဆောင်ရွက်ခဲ့သည့် သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် အထူးပြပွဲတွင် တွေ့မြင်နိုင်မည်ဖြစ်သည်။

ရန်ကုန် တိုင်းဒေသကြီး သာသနာရေးမှူး ဉာဏ်ကြားရေးမှူးက ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲနှင့် စပ်လျဉ်း၍“ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ကျွန်တော်တို့ မမီခဲ့ပေမယ့် ဒီလို နှစ် (၇၀) အောင်ပွဲအခမ်းအနားကို နိုင်ငံတော်သမ္မတကြီးက ဦးဆောင်ပြီး ကျင်းပလို့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအားလုံး ပြန်လည်ကြည်ညိုခွင့်ရပြီး အကျိုးကျေးဇူးများခဲ့ပါတယ်။ ဆဋ္ဌသင်္ဂါယနာတင် သမိုင်းအသေးစိတ်တွေကို အခုပြပွဲမှာ ဖော်ပြထားတဲ့အတွက် ဘာသာသာသနာနဲ့ ပတ်သက်ပြီး မသိခဲ့တာတွေ၊ မမီခဲ့တဲ့ မှတ်တမ်းမှတ်ရာတွေကို ပြန်လည်သိရှိနိုင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ ကြည့်ရှုမှတ်သားလေ့လာတယ်။ ဆက်ပြီးထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတဲ့ အတွေးတွေရလာတယ်ဆိုရင် ဘာသာသာသနာအတွက် အားတစ်ခုပါပဲ။ ဒီပြပွဲက ထေရဝါဒဗုဒ္ဓသာသနာအတွက် အားတစ်ခုဖြစ်သလို ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို ပြန်လည်မြင်တွေ့ကြားသိခွင့် ရခဲ့တယ်။ သမိုင်းမှတ်တမ်းတွေကို ပြန်လည်ကြည်ညိုခွင့်၊ ပူဇော်ခွင့်ရတာက ကုသိုလ်ထူးတယ်လို့ ယူဆပါတယ်”ဟု ပြောသည်။ **သတင်းအဖွဲ့**

# ပြည်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကျေးရွာအရောက် ကွင်းဆင်းပြုလုပ်ပေး

**ပြည် မေ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ ယမန်နေ့ မွန်းလွဲ ၁နာရီက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ပြုလုပ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ကျေးရွာပြည်သူများအား ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခြင်းနှင့်UIDကတ်များ ထုတ်ပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများက ကျေးရွာပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝဏ္ဏထွန်း(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**တောင်ကြီး မေ ၈**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ယနေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့်သက်မွေးပညာ သင်တန်းစင်တာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒေသခံတိုင်းရင်းသားများအား ကွန်ပျူတာ သင်တန်း စာတွေ့လက်တွေ့သင်ကြားပို့ချနေမှု (ဝဲပုံ)၊ မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပင်မလေးထပ်အဆောက်အအုံ ပြုပြင်ဆောင်ရွက်ခဲ့မှု၊ အိပ်ဆောင်များ၊ သင်တန်းခန်းမဆောင်၊ ထမင်းစား ခန်းမနှင့် အလုပ်ရုံအဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ ဒေသနှင့်သင့်လျော်သည့် သင်တန်းများ ဖွင့်လှစ်ကာ ဒေသခံလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး ပြောကြားသည်။

ညနေပိုင်းတွင် တောင်ကြီးမြို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနှင့် နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၈**

နေပြည်တော် ကောင်စီနှင့် နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။(ယာပုံ)

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက ဦးစားပေးလုပ်ငန်းအဖြစ် အသက် (၁၈)နှစ် ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသူများ၊ အသက် (၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic၊ Biometric ကောက်ယူကာ UID တစ်ပါတည်းဆောင်ရွက်ပေးခြင်း လုပ်ငန်းများကို လမင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ပြည်သူများသိရှိအောင် နှိုးဆော်ဆောင်ရွက်ရေး၊ ယခုလာမည့်ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးသီတင်းပတ် ရောက်ရှိတော့မည်ဖြစ်သည့်အတွက် နေပြည်တော်



အတွင်းရှိ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်နိုင်ရေးနှင့် ကျောင်းအပ်နှံမှု အပြည့်အဝရှိစေရေး မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏ ကလေးများအား ကျောင်းအပ်နှံစေရေးနှင့် ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ ၊ MSME လုပ်ငန်းများ တိုးတက်စေရေး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ မီးဘေးအန္တရာယ် ကင်းဝေးစေရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လျှပ်စစ်မီးများ ပုံမှန်ရရှိရေး၊ ဝန်ထမ်းများအား တရားမဝင်ကုန်ပစ္စည်းသယ်ဆောင်မှုကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမရှိစေရေး၊ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် ဆောင်ရွက်သွားကြရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို**
**(ပုဗ္ဗသီရိ)**



# ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)များ ထိန်းသိမ်းထားရှိသည့် နေရာများကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေးသည်။(ဝဲပုံ)

စစ်ဆေးစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က မိုးရာသီတွင် ရေစိုပျက်စီးမှု၊ စိုထိုင်းဆကြောင့် စက်များထိခိုက်မှုမရှိစေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိရန်၊ ပိုးမွှားဖျက်ဆီးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်၊ ဘက်ထရီများ စနစ်တကျထားသိုရေး အလေးထားဆောင်ရွက်ရန်နှင့် နောင်ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် ဆက်လက်အသုံးပြုနိုင်ရေး MEVM မဲပေးစက်များကို အမြဲစစ်ဆေးထိန်းသိမ်း ပြုပြင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ဧပြီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် မေ ၈**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "နိုင်ငံစီးပွားမြှင့်တင်ဖို့ ရေအားလျှပ်စစ်ကို အသုံးချစို့" မျက်နှာဖုံး ဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင် (ဧပြီလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၆ ခုနှစ် ဧပြီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ကျော်နန္ဒအောင် တို့၏ "နိုင်ငံစီးပွားမြှင့်တင်ဖို့ ရေအားလျှပ်စစ်ကို အသုံးချစို့" မျက်နှာဖုံး ဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ မြသာဝင်း၊ ကိုရင်ကျော် တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါး၊ မြင့်မောင် (Phil-Q) ၏ စီးပွားရေးဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၏ အကြမ်းဖက်မှုဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ခြယ်မှုန်းသီ၊ ဒေါက်တာ ကောင်းစံ၊ ဒေါက်တာ လွင်သန့်တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ စောဌေးမြင့်၊ စိန်ဝင်းမော်၊ ပါမောက္ခဦးသိန်းလှိုင်၊ ဆောင်းဝင်းလတ်၊ ရဲထက်ဇော်၊ စိုးစိုး (ပန်းတောင်း)၊ ထက်ဝေအောင် (စစ်ကိုင်း)၊ အာကာကိုကို၊ စိန်ဝင်းနွယ်၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် စာအုပ်ဆိုင်၊ ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံ့အကျိုးထမ်းရွက်ကြသူ ထာဝရတစ်သက်တာ လူရည်ချွန်ကြီးများ

**ကေကေ**

**“ကိုယ်၊ စိတ်၊ ပညာ” သုံးပါးစလုံးတွင် အများထက် ထူးကဲသာလွန်သော အရည်အသွေးရှိပြီး အများအကျိုးကို ဆောင်ရွက်ကြသူများကို လူရည်ချွန်ဟု သတ်မှတ်ကြသည်။ ပညာရေး ထူးချွန်မှု၊ ကိုယ်ကျင့်တရား ကောင်းမွန်မှု၊ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်မှု၊ အသိပညာ ကြွယ်ဝမှု၊ ဖြတ်ထိုးဉာဏ်ရင့်သန်မှုအပါအဝင် ဘက်စုံထူးချွန်သူများလည်း ဖြစ်သည်။**

> ☆ **“ယနေ့လူငယ် နောင်ဝယ်လူကြီး” ဆိုသကဲ့သို့ တစ်ချိန်က နိုင်ငံတော်က ပြုစုပျိုးထောင်ပေးခဲ့သည့် လူရည်ချွန်လူရည်မွန်လူငယ်များသည် ယနေ့ နိုင်ငံ့တာဝန်များကို ဦးစီးထမ်းရွက်နေကြပြီဖြစ်သည်။ ထိုကဲ့သို့ပင် နိုင်ငံတော်က ယနေ့ပြုစုပျိုးထောင်ပေးလျက်ရှိသည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် နောင်အခါ နိုင်ငံအတွက်၊ ပြည်သူအတွက် ရှေ့ဆောင်ထမ်းရွက်ကြမည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာကြမည်ဖြစ်**
>
> ☆ **ယခုတိုင်နိုင်ငံ့တာဝန်များကို ဦးဆွေးဆံမြည့် ပါဝင်ထမ်းရွက်လျက်ရှိသည့် တစ်သက်တာ သို့မဟုတ် ထာဝရလူရည်ချွန်ကြီးများကဲ့သို့ ယနေ့ လူရည်ချွန်မောင်မယ်များအားလုံးတို့ကလည်း နိုင်ငံတော်အကျိုးပြုလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရင်း နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများက အားကိုးအားထားပြုရသူများဖြစ်လာရန် ကြိုးပမ်းသွားကြမည်**

ကောက်ရိုးမီးကဲ့သို့ ကြိုးစားမှုဖြင့် လူရည်ချွန် မဖြစ်နိုင်ပါ။ ငယ်စဉ်ကတည်းက စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခြင်းမှ လူရည်ချွန်များအဖြစ် တွေ့မြင်ရခြင်းဖြစ်သည်။ ထိုကဲ့သို့ ဘက်စုံထူးချွန်သည့် အရည်အသွေးများကိုရရှိအောင် ကြိုးစားကျော်ဖြတ်လာကြသည့် လူရည်ချွန်များသည် ဘဝတစ်လျှောက်လုံးတွင်လည်း မိမိတို့၏အရည်အသွေးများဖြင့် နိုင်ငံနှင့်အများပြည်သူအကျိုးကို ထမ်းဆောင်နိုင်ကြသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာကြသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒ အမှာစကားပြောကြားရာတွင် လူရည်ချွန်ဖြစ်ခဲ့သူသည် တစ်သက်တာ လူရည်ချွန်ပင်ဖြစ်သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

လူငယ်လူရည်ချွန်များအဖြစ် မွေးဖွားခဲ့သည့် သမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်သည့်အခါ ပညာထူးချွန်ရုံသာမက ဘက်စုံတော်သည့် ကျောင်းသား ကျောင်းသူများကို ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ပြီး ၁၉၆၄ ခုနှစ်၌ စတင်ပေါ်ပေါက်လာခဲ့သည့် သမိုင်းဝင်စီမံကိန်းတစ်ခု လူရည်ချွန်စီမံကိန်းအဖြစ် နိုင်ငံတော်အစိုးရက ဘက်စုံပညာထူးချွန်ပြောင်မြောက်သော နိုင်ငံချစ်သားကောင်းသမီးမွန်များကို မွေးထုတ်ပေးသည်။ လူရည်ချွန်စီမံကိန်းသည် နိုင်ငံတော်အစိုးရက အများထက်သာလွန်ထူးချွန်သည့် နိုင်ငံချစ်သားကောင်းသမီးမွန်ကို ရွေးချယ်စုစည်းပြီး နိုင်ငံ့အနာဂတ်အတွက် ကြိုတင်ပြုစု ပျိုးထောင်ခြင်းလည်း ဖြစ်သည်။

၁၉၆၄ ခုနှစ်က စတင်ခဲ့သည့် လူရည်ချွန် စီမံကိန်းတွင် ပါဝင်ခဲ့သည့် ကျောင်းသား ကျောင်းသူ လူငယ်များသည် မျက်မှောက်နိုင်ငံတော်အစိုးရ လက်ထက်တွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအဖြစ် နိုင်ငံ့တာဝန်ကို ဦးဆွေးဆံမြည့် ထမ်းရွက်လျက်ရှိကြသည်။

ထို့အတူ သွေးချင်းတိုင်းရင်းသား လူရည်ချွန် အရာထမ်းကြီးများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များစွာတို့က နယ်ပယ်ကဏ္ဍစုံတွင် နိုင်ငံ့အကျိုးအတွက် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လူရည်ချွန်ကြီးများသည် တစ်ချိန်က နိုင်ငံတော်က ပြုစုပျိုးထောင်ပေးခဲ့သည့် ကျောင်းသား ကျောင်းသူ လူငယ်များပင်။

မကြာမီက ဖွဲ့စည်းခဲ့သော နိုင်ငံတော်အစိုးရသစ်တွင် နိုင်ငံတော်အဆင့် တာဝန်ထမ်းဆောင်နေကြသော လူရည်ချွန်ကြီး ၁၂ ဦး၏ အကြောင်းကိုလည်း လှစ်ဟ ရေးသား၍ ဂုဏ်ပြုလိုပါသည်။

၁၉၆၉ခုနှစ်(သတ္တမတန်း-စစ်တွေမြို့)၊ ၁၉၇၀ ပြည့်နှစ် (အဋ္ဌမတန်း-စစ်ကိုင်းမြို့)နှင့် ၁၉၇၁ ခုနှစ် (နဝမတန်း-မြောင်းမြမြို့)တို့တွင် သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည့် သုံးထပ်ကွမ်းလူရည်ချွန် **ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်** ဖြင့် အစပြုလိုပါသည်။ ယခုတိုင်အောင် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးဆောင်ရွက်နေသည့်အပြင် ဥပဒေရေးရာ ဘက်စုံကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး တိုင်းရင်းသားများ၏ စိတ်ဓာတ်နှင့်ယဉ်ကျေးမှုကိုပါ မြှင့်တင်ပေးနေသည့် စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ထို့ပြင် ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ဇာတိသွေး ဇာတိမာန်ကို ဖော်ကျူးသည့် တေးသီချင်းများစွာကို ရေးသားသီဆိုခဲ့သည့် အနုပညာရှင်တစ်ဦးလည်း ဖြစ်သည်။ “ရိုးရာကမမ၊ ဝီးလို့ကျန်လိုက် မြို့စစ်တွေ၊ နဝရူပ ဗျာလ” သီချင်းတို့သည် သူ၏ထင်ရှားသော အနုပညာလက်ရာမွန်များဖြစ်သည်။ ထို့အတူ အနုပညာကို ချစ်မြတ်နိုးပြီး ယနေ့အထိ ရခိုင်အနုပညာနှင့် စာပေကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တက်ကြွစွာ ပါဝင်ကူညီလျက်ရှိသည့် ချီးကျူးဖွယ် “လူရည်ချွန်” စိတ်ဓာတ်ရှိသူတစ်ဦး ဖြစ်သည်။

ထပ်မံရေးသားဖော်ပြလိုသည့် လူရည်ချွန်ကြီး တစ်ဦးမှာ **ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း** ဖြစ်သည်။ ၁၉၈၂ ခုနှစ်၌ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့ အခြေခံပညာအဆင့်မြင့်တန်းကျောင်းတွင် ဒသမတန်း လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ တပ်မတော်တွင် ဒုတိယဗိုလ်ချုပ်ကြီး တာဝန်အဆင့်အထိ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် ဦးဆောင်ထမ်းရွက်ပြုနေသည့် ပြည်သူ့ရှေ့ဆောင် လူရည်ချွန်ကြီး ဖြစ်ပါသည်။

ထို့အတူ ပြည်သူ့ရှေ့ဆောင် လူရည်ချွန်ကြီး တစ်ဦးဖြစ်သည့် **ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း**၏ နိုင်ငံအတွက်၊ ပြည်သူအတွက် ဆောင်ရွက်မှုများကိုလည်း ဖော်ပြလိုပါသည်။ ပညာရေးကဏ္ဍတွင် မန္တလေးတက္ကသိုလ်နှင့် မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် မိတ္ထီလာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လွှတ်တော်၌ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းသည် **“ဘက်စုံထူးချွန်ရမည်”** ဆိုသည့် စံနှုန်းအတိုင်း ပညာရေး (စာပေ)သာမက စည်းကမ်းနှင့် ကိုယ်ကျင့်တရား အပိုင်းတွင်ပါ စံပြဖြစ်အောင် ကြိုးစားခဲ့သူဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် မော်လမြိုင်ကောလိပ် ပထမနှစ်တွင် လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရခြင်းဖြစ်သည်။ လက်ရှိတွင် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေပြီး လူရည်ချွန်ရွေးချယ်မှုများကို ပိုမိုစနစ်တကျဖြစ်စေရေး၊ ရွေးချယ်ခံရသည့် လူငယ်များအား နိုင်ငံတကာအဆင့်အထိ ထိတွေ့မှုရှိစေရေးတို့အတွက် မူဝါဒပိုင်းဆိုင်ရာများကို အဓိက ပံ့ပိုးပေးလျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးတစ်ဦး ဖြစ်သည်။

**“လူရည်ချွန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်၊ ဆရာဝန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်၊ မြန်မာ့သားကောင်းဇာနည် စစ်သားကြီးကို ကျွန်တော်မျှော်မှန်းသည်”** ဟူသည့် ကျွန်တော့်ရည်မှန်းချက် သီချင်းစာသားကဲ့သို့ လူရည်ချွန်၊ ဆရာဝန်၊ ပြည်ချစ်တပ်မတော်သားဖြစ်ခဲ့သူမှာ **ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း** ဖြစ်သည်။ ၁၉၇၃ ခုနှစ်၌ ဘားအံမြို့ အထက(၁)သတ္တမတန်းတွင် လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ယခုအခါ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများ အပါအဝင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ လူရည်ချွန်ကြီး **ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်**သည် ယခင်က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့သည်။ ဘက်စုံထူးချွန်မှုရှိသည့် လူရည်ချွန်ကြီးတစ်ဦးဖြစ်သည်။ ၁၉၈၆ ခုနှစ်၌ ပဲခူးကောလိပ် ပထမနှစ်တွင် လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအပြင် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ကိစ္စရပ်များကို စေ့စေ့ငုငု လေ့လာခဲ့သူတစ်ဦးဖြစ်သည်။ ယခုအခါ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် နိုင်ငံတကာ မျက်နှာစာနှင့် ထိတွေ့ဆက်ဆံသည့်တာဝန်ကို ထမ်းဆောင်နေသူဖြစ်သည်။

ထပ်မံ၍ ဖော်ပြလိုသည်မှာ ထူးချွန်လူရည်ချွန်ဖြစ်ခဲ့သည့် **ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို**၏ အကြောင်းပင်။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ၁၉၈၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် အခြေခံပညာအလယ်တန်း တက်ရောက်စဉ် လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ သူသည် လူရည်ချွန်ကြီးတစ်ဦးဖြစ်သည့်အတွက် လူရည်ချွန်မောင်မယ်များ၏ စည်းလုံးညီညွတ်မှုကို တန်ဖိုးထားပြီး လူရည်ချွန်များ၏ လူမှုရေးရာ ကိစ္စရပ်များကို တက်ကြွစွာ ပါဝင်ကူညီလေ့ရှိသူဖြစ်သည်။ ယခုအခါ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးတာဝန်ဖြင့် တိုင်းရင်းသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် ယဉ်ကျေးမှု မြှင့်တင်ရေးလုပ်ငန်းများကို ဦးစီးဦးရွက်ပြု ထမ်းဆောင်လျက်ရှိသည်။

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတွင် လူရည်ချွန်ကြီး ရခိုင်တိုင်းရင်းသားဖြစ်သူ ပြည်ထောင်စုဝန်ကြီးနှင့် လူရည်ချွန်ကြီး ရှမ်းတိုင်းရင်းသားဖြစ်သူ ဒုတိယဝန်ကြီးတို့၏ ဦးဆောင်တာဝန်ထမ်းဆောင်မှုကလည်း ထူးခြားမှုတစ်ခု ဖြစ်သည်။

အလားတူ မြန်မာနိုင်ငံ၏ ဆေးပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသည့် **ဒုတိယဝန်ကြီးဒေါက်တာအေးထွန်း**သည်လည်း ထင်ရှားသည့် လူရည်ချွန်ကြီးတစ်ဦးဖြစ်သည်။ ၁၉၇၈ နှင့် ၁၉၇၉ ခုနှစ်တို့တွင် အခြေခံပညာအထက်တန်း တက်ရောက်စဉ် လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ **ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း**သည် ပြည်သူ့ကျန်းမာရေးကဏ္ဍအပေါ် အလေးထားကြိုးပမ်းပေးသူဖြစ်သည်။ ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုရေး၊ နိုင်ငံတကာဆေးပညာရှင်များနှင့်ပူးပေါင်း၍ ဆေးပညာဖလှယ်ရေးနှင့် ဆေးဝါးထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ဆေးရုံများနှင့် ဆေးတက္ကသိုလ်များ၏ လုပ်ငန်းစဉ်များ ပိုမိုသွက်လက်မြန်ဆန်စေရေးတို့ကို ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ ထို့ပြင် လူရည်ချွန်ကြီးတစ်ဦးအနေဖြင့် လူရည်ချွန်မောင်မယ်များ၏ လှုပ်ရှားမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီလျက်ရှိသည်။

ထို့အတူ **ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး**သည် ရာထူးတာဝန်အဆင့်ဆင့်ဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးချွန်လူရည်ချွန်အမျိုးသမီးတစ်ဦးဖြစ်သည်။ ၁၉၈၇ ခုနှစ်တွင် သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းတွင် လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးတာဝန်ဖြင့်

*စာမျက်နှာ ၇ သို့*

## မိခင်ဆိုတာ ကိုးကွယ်ရာ

❖ ကြားဖူးခဲ့ရ၊ ရှေးကပုံပြင်
နားတွင်မနေး၊ ကြားယောင်သေး၏
လူလေးသားလှ၊ ချစ်သူရသော်
ဆက်သပဏ္ဏာ၊ မိမာတာ၏
နှစ္စာနှလုံး၊ သည်းအူတုံးကို
ကြေပြုန်းသည်ထိ၊ အမိရင်ခွဲ
ယူဆွဲမကြာ၊ သွားသောခါဝယ်
လမ်းဘယ်မဆုံး၊ တစ်လျှောက်လုံး၌
မြူဖုံးတိမ်ကွယ်၊ ညလယ်သို့ရောက်
လမ်းလျှောက်အမှား၊ လဲပြိုသွားသော်
လွင့်သွားချိန်မှာ၊ နာကြီးနာလင့်
မာတာနှလုံး၊ နူးညံ့ဆုံးက
ချိုပြုံးစကား၊ ဆိုခဲ့ပြောသည်
မေ့သားဘယ်များ နာသွားသလဲကွယ်တဲ့။

❖ ကြားမိစေသား၊ အမေ့သားတို့
မှတ်ထားပါကြ၊ အနန္တဂိုဏ်းဝင်
ကျေးဇူးရှင်ဟု၊ မိခင်မြတ်ဂုဏ်
အလုံးစုံကို၊ စာပုံပန်းချီ
မည်သို့သီလည်း၊ တုမီခြင်းငှာ
မစွမ်းသာမို့၊ နှစ်ဖြာလက်မိုး
လွန်ရှိကျိုးလျက်၊ ရှိခိုးခါခါ
ပြုကြပါလော့။

**မေ ၁၀ ရက်တွင် ကျရောက်မည့် အမေများနေ့ကို ဂုဏ်ပြုပါ၏။**

ဘိုမျိုး(ရွှေဘို)



## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြား

**နေပြည်တော် မေ ၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် ယမန်နေ့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပင်မရုံးအစည်းအဝေးခန်းမ၌ တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တက္ကသိုလ်သို့ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစဉ် လမ်းညွှန်မှာကြားခဲ့သော နိုင်ငံ့ဝန်ထမ်းများ ရာထူးအဆင့်အလိုက် သင်တန်းတက်ရောက်နိုင်ရေး၊ ဝန်ထမ်းများ စိတ်ဓာတ်စည်းကမ်း ကောင်းမွန်စေရေး၊ ရုံးလုပ်ငန်းများ စနစ်တကျ တစ်ပြေးညီ ဆောင်ရွက်တတ်စေရေး၊ မျိုးချစ်စိတ်နှင့် သစ္စာရှိမှုမြင့်မားလာစေရေး၊ လေ့ကျင့်ရေး အစီအမံများ၊ တိုးချဲ့ပြင်ဆင်သင်ကြားမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် တက္ကသိုလ်၌ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ ပို့ချနေမှု၊ တက္ကသိုလ် ဆေးရုံတက္ကသိုလ်စာကြည့်တိုက်၊ ပစ္စည်းဂိုဒေါင်နှင့် သင်တန်းရိက္ခာဆန်နှင့် ဆီဂိုဒေါင်များ၊ သင်တန်းအိပ်ဆောင်အတွင်း ခင်းကျင်းထားရှိမှုနှင့် သင်တန်းစားရိပ်သာများတွင် နေ့လယ်စာ ချက်ပြုတ်ပြင်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်ကိုင်းခရိုင်အတွင်း ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့နှင့်စပါးမျိုးစေ့ချကိရိယာများ ပေးအပ်ပွဲကျင်းပ

**မုံရွာ မေ ၈**

စစ်ကိုင်းခရိုင်အတွင်း ၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးကောင်း၊ မျိုးသန့် မျိုးစေ့နှင့် စပါးမျိုးစေ့ချ ကိရိယာများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ မြတ်ဓေယျာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးရွာ၁၀ ရွာမှဒေသခံတောင်သူ ၃၀၀ အတွက် မိုးသီးနှံ စပါး၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ဝါမျိုးစေ့များနှင့် မျိုးစေ့နှင့် စပါးမျိုးစေ့ချကိရိယာများပေးအပ်၍ ဒေသခံတောင်သူများအား လယ်ယာသုံးစက်မောင်းဆီများ တစ်ဂါလန် ငွေကျပ် တစ်သောင်းဖြင့် ရောင်းချပေးနေမှု၊ စားသုံးဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ စက်မှုဇုန်ကော်မတီရုံး၌ စစ်ကိုင်းစက်မှုဇုန်ရှိ စက်ရုံ အလုပ်ရုံ လုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်၍ လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



*စာမျက်နှာ ၆ မှ*

ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်နေသည့် “လူရည်ချွန်ပညာရှင်”တစ်ဦး ဖြစ်သည်။

ထို့ပြင် အမျိုးသမီးလူရည်ချွန်ကြီးတစ်ဦး အကြောင်းကို ထပ်မံတင်ပြလိုပါသည်။ လက်ရှိအစိုးရအဖွဲ့တွင် **ပြည်ထောင်စုအတိုင်ပင်ခံကောင်စီကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်နေသည်။ သူကား ဒေါက်တာ ရင်ရင်နွယ်။**

**ဒေါက်တာ ရင်ရင်နွယ်**သည် ၁၉၆၈ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် စတုတ္ထနှစ်တွင် ရွေးချယ်ခံရသည့် လူရည်ချွန် ဖြစ်သည်။ ပြီးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်တွင် နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် UNICEF တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ နိုင်ငံဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍစုံတွင် တက်ကြွစွာ ပါဝင်ပြီး နိုင်ငံနှင့်ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်တစ်ဦး ဖြစ်သည်။ လူရည်ချွန်ကြီးများထဲမှ နိုင်ငံတော်အဆင့်တာဝန်များကို ယနေ့အထိ ထူးထူးချွန်ချွန် တာဝန်ထမ်းဆောင်နေဆဲ စံပြပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

ထပ်မံ၍ဖော်ပြလိုသည့် အမျိုးသမီးလူရည်ချွန်ကြီးမှာ **ဒေါက်တာခင်ချစ်ချစ်** ဖြစ်သည်။ ဥပဒေပါမောက္ခ(ငြိမ်း) တစ်ဦးဖြစ်သည်။ နှစ်ထပ်ကွမ်းလူရည်ချွန်ကြီးဖြစ်သည်။ ၁၉၈၃နှင့် ၁၉၈၄ ခုနှစ်တို့တွင် ရန်ကုန်တက္ကသိုလ် တတိယနှစ်နှင့် စတုတ္ထနှစ် လူရည်ချွန်အဖြစ် ရွေးချယ်ခြင်းခံရသည်။ ဒေါက်တာ ခင်ချစ်ချစ်သည် ဥပဒေပညာသင်ကြားမှုတွင် အထူးကျွမ်းကျင် ထက်မြက်သူအဖြစ် ထင်ရှားပြီး လက်ရှိတွင် **ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်** အဖြစ် နိုင်ငံတော်၏ ဝန်ထမ်းအဖွဲ့အစည်းများတွင် လိုအပ်သော ဝန်ထမ်းများကို ရွေးချယ်ခြင်းနှင့် လေ့ကျင့်ခြင်း၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ မူဝါဒလမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသည့် **ဦးခင်မောင်လတ်နှင့် ဒေါက်တာဖြူဖြူအိ**တို့သည် နိုင်ငံတော်က ပြုစုပျိုးထောင်ခဲ့သည့် နိုင်ငံ့သားကောင်းလူရည်ချွန်ကြီးများပင်။ ၁၉၇၈၊ ၁၉၇၉၊ ၁၉၈၀ နှင့် ၁၉၈၂ ခုနှစ်တို့တွင် လူရည်ချွန်ဖြစ်ခဲ့သည်မှာ **နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်**ဖြစ်သည်။ သူသည်လည်း တပ်မတော်အရာရှိ အငြိမ်းစားတစ်ဦးဖြစ်သည်။ လက်ရှိတွင် နိုင်ငံတော်အဆင့် စီမံခန့်ခွဲရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အလားတူ **မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာဖြူဖြူအိ**သည်လည်း ၁၉၇၇၊ ၁၉၇၈နှင့် ၁၉၈၀ ပြည့်နှစ်တို့တွင် လူရည်ချွန်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ လက်ရှိတွင် နိုင်ငံတော်၏ ငွေကြေးမူဝါဒရေးရာ ကိစ္စရပ်များအတွက် စွမ်းစွမ်းတမံ ပါဝင်ထမ်းဆောင်လျက်ရှိသည့် လူရည်ချွန်ကြီးတစ်ဦးဖြစ်သည်။

“ယနေ့လူငယ် နောင်ဝယ်လူကြီး” ဆိုသကဲ့သို့ တစ်ချိန်က နိုင်ငံတော်က ပြုစုပျိုးထောင်ပေးခဲ့သည့် လူရည်ချွန်လူရည်မွန်လူငယ်များသည် ယနေ့ နိုင်ငံ့တာဝန်များကို ဦးစီးထမ်းရွက်နေကြပြီဖြစ်သည်။ ထိုကဲ့သို့ပင် နိုင်ငံတော်က ယနေ့ပြုစုပျိုးထောင်ပေးလျက်ရှိသည့် လူရည်ချွန် ကျောင်းသားကျောင်းသူများသည် နောင်အခါ နိုင်ငံအတွက်၊ ပြည်သူအတွက် ရှေ့ဆောင်ထမ်းရွက်ကြမည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုတိုင်နိုင်ငံ့တာဝန်များကို ဦးဆွေးဆံမြည့် ပါဝင်ထမ်းရွက်လျက်ရှိသည့် တစ်သက်တာသို့မဟုတ် ထာဝရ လူရည်ချွန်ကြီးများကဲ့သို့ ယနေ့လူရည်ချွန်မောင်မယ်များ အားလုံးတို့ကလည်း နိုင်ငံတော်အကျိုးပြုလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရင်း နိုင်ငံနှင့် တိုင်းရင်းသားပြည်သူများက အားကိုးအားထားပြုရသူများ ဖြစ်လာရန် ကြိုးပမ်းသွားကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များအသုံးပြုနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်ရှိ လွန်ကျော်ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံသို့ သွားရောက်၍ ချည်မျှင်ရှည်ဝါသုတေသနစိုက်ခင်း၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းသော ဝါမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နေမှုနှင့် တစ်ပြိုင်တည်းဝါကောက်သိမ်းနိုင်မည့် နည်းစနစ်များ သရုပ်ပြစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများအား တွေ့ဆုံ၍ သုတေသနပြုတွေ့ရှိချက်များကိုအခြေခံသော တစ်ဧကအထွက်နှုန်းတိုးတက်စေမည့် ဝါစိုက်ပျိုးရေးနည်းစနစ်များ၊ ဓာတ်မြေဩဇာအသုံးပြုမှု၊ ပိုးမွှားကာကွယ်နှိမ်နင်းမှုဆိုင်ရာများ၊ မျိုးသန့်ရွေးချယ်အသုံးပြုနည်းနှင့် အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို တောင်သူများနှင့် အနီးကပ်တွေ့ဆုံဆွေးနွေးပညာပေးရန်တို့နှင့်စပ်လျဉ်း၍ မှာကြားသည်။



ယင်းနောက် ကျောက်ဆည်မြို့နယ် အင်းဒိုင်းကျေးရွာအုပ်စုရှိ နွေစပါးမျိုးစေ့ထုတ် ဧက(၁၀၀) စိုက်ကွင်း၌ မျိုးစေ့ထုတ်တောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်မှုစရိတ်နှင့် ရောင်းချမည့်သီးနှံဈေးနှုန်း သင့်တင့်မျှတစွာဖြစ်စေရေး စီမံဆောင်ရွက်နေမှု၊ သွင်းအားစုအရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်မှုရှိစေရေး ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်နေမှု၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)အာမခံထား၍ စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူခြင်းအား ပိုမိုလွယ်ကူစေရန် ဖြေလျှော့ဆောင်ရွက်ပေးနေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ (ဝဲပုံ)

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီး ဦးလှမျိုး က မိုးစပါးစိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာနှင့် စက်သုံးဆီလွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်စေရန် ဒေသအလိုက် စိုက်ပျိုးချိန်အမီ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးစီမံဆောင်ရွက်ထားမှုကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၈**

၂၀၂၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မိတ်ဖက်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ ဗဟိုကောင်စီဝင်များ၊ စံပြကြက်ခြေနီများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လူထုကျန်းမာရေးမြှင့်တင်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ လူထုကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများကို ပိုမိုလုပ်ဆောင်ရန်၊ အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများကို ခိုင်မာအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ဌာနေကိုယ်စားလှယ်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ဌာနေကိုယ်စားလှယ်တို့က ဂုဏ်ပြုစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ၂၀၂၅ ခုနှစ် စံပြကြက်ခြေနီဆုရသူများကို




လည်းကောင်း၊ အသက် ၆၅ နှစ်ပြည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ၂၀၂၅-၂၀၂၆ ခုနှစ် နိုင်ငံတော်မှ ချီးမြှင့်သော လူမှုထူးချွန်တံဆိပ်ရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များအား တွေ့ဆုံမှာကြား

**တောင်ကြီး မေ ၈**

လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် ကလောခရိုင် ညောင်ရွှေမြို့နယ်ရှိ ဟူပင်ဟိုတယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-10 အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းမှ လူရည်ချွန် မောင်မယ်များနှင့် တွေ့ဆုံ၍ လူငယ်ရေးရာကဏ္ဍရပ်များကို ပြောကြားသည်။





**ဗဟုသုတများ ဖလှယ်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် လူရည်ချွန်မောင်မယ်များအနေဖြင့် မိမိတို့သက်ဆိုင်ရာ စခန်းအသီးသီးသို့ ပြန်လည် ရောက်ရှိသည့်အခါ ဒေသန္တရဗဟုသုတများကိုလေ့လာမှတ်သား၍ အချင်းချင်းလေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဖလှယ်ကြပြီး စည်းလုံးညီညွတ်စွာဖြင့် နေထိုင်သွားကြရန်၊ မိမိနေရပ်သို့ ပြန်ရောက်သည့်အခါတွင်လည်း နိုင်ငံတော်၏အနာဂတ်ကိုပုံဖော်ကြမည့်နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန် ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲသို့ ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ၁၉၆၄-၁၉၈၈ ခုနှစ် လူရည်ချွန်ဥက္ကဋ္ဌ၊ လူရည်ချွန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

**ပြည်နယ်**

(ပြန်/ဆက်)

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၈**

မေ ၁၀ ရက်တွင် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# မအူပင်၌ ဝန်ထမ်းများလက်ဝယ်အရောက် စားအုန်းဆီများ ဖြန့်ဖြူးရောင်းချ

**မအူပင် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မအူပင်တက္ကသိုလ်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်နှင့် POLYTECHNIC UNIVERSITY ကျောင်းများရှိ ဌာနအသီးသီးမှ ဝန်ထမ်းများနှင့် ကျောင်းတွင်းစားသောက်ဆိုင်ပိုင်ရှင်များလက်ဝယ်အရောက် စားအုန်းဆီဖြန့်ဖြူးရောင်းချခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် မြို့ပေါ်ရှိလက်ကားကိုယ်စားလှယ်များက ဖြန့်ဖြူးရောင်းချပေးသည်။ မအူပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး၊ မအူပင်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှုရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# ရေဖြူမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

**ရေဖြူ မေ ၈**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ ယနေ့နံနက်က ရက်(၁၀၀) စီမံချက်ဖြင့် မိုးစပါးစိုက်ပျိုးသော တောင်သူများအား မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မည့်နည်းလမ်းများ နည်းပညာပေးသင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမ၌ ဖွင့်လှစ်သင်ကြားပေးရာ တောင်သူ ၅၅ ဦး တက်ရောက်ကြသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇင်လင်းနိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ရှင်းလင်းဆွေးနွေးပြောကြားသည်။

**ဖွင့်လှစ်သွားမည်**

ထို့နောက် တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ အလားတူ ရက်(၁၀၀) စီမံချက်အတွင်း စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၈**

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**(ယာပုံ)**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဦးထွန်းအုံက ယခုဘဏ္ဍာနှစ်တွင် ပို့ကုန်လျာထားချက်၏ နှစ်ဆပြည့်မီအောင် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးနှင့် စပ်လျဉ်း၍ ပို့ကုန်လုပ်ငန်းရှင်များ၏ အခက်အခဲများအား သိရှိနားလည်အောင်လေ့လာပြီး သက်ဆိုင်ရာကဏ္ဍများအလိုက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေများ အချိန်မီပြန်လည်ဝင်ရောက်ရေးကိစ္စရပ်များ၊ စက်သုံးဆီ၊ စားသုံးဆီ ဖြန့်ဖြူးမှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးနှင့် CMP လုပ်ငန်းများ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်များနှင့် တွေ့ဆုံပြီး တက္ကသိုလ်များ ပုံနှိပ်တိုက်ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၈**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ အစည်းအဝေးခန်း၌ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ရက်(၁၀၀) စီမံကိန်း အကောင်အထည်ဖော်ရေး၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု စင်တာထူထောင်ရေး၊ သုတေသနစာတမ်းဖတ်ကြားရေး၊ သုတေသနအခြေပြု သင်ကြားသင်ယူမှု စနစ်မြှင့်တင်ရေး၊ တက္ကသိုလ် ပရဝဏ်သန့်ရှင်းသာယာရေး ကိစ္စရပ်များကိုဆွေးနွေးပြီး ပါမောက္ခများ၏ တင်ပြအကြံပြုဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တက္ကသိုလ်များ ပုံနှိပ်တိုက်သို့ ရောက်ရှိကာ တက္ကသိုလ် သုတေသနဂျာနယ်များ ပုံနှိပ်၊ ချုပ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**မော်လမြိုင် မေ ၈**

မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား (၁၀) မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် မော်လမြိုင်မြို့နယ် ဘော်လီဘောအသင်းနှင့် သထုံမြို့နယ် ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲအလိုက် အကောင်းဆုံး အားကစားထူးချွန်ဆုရရှိသူများ၊ ပူးတွဲတတိယဆုနှင့် ဒုတိယဆုရရှိသူများအား လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ မော်လမြိုင်မြို့နယ် အသင်းအား ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက် ဒိုင်းဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အဆိုပါ မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲကို မေ ၄ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ကြောင်းသိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# တောင်ငူမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းဖွင့်

**တောင်ငူ မေ ၈**

တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ကြီးမှူး၍ တန်ဖိုးမြှင့်စားသောက်ကုန် (Bakery) ထုတ်လုပ်မှု နည်းပညာသင်တန်းကို ယနေ့နံနက်ပိုင်းက တောင်ငူမြို့ မဟင်ကျေးရွာအုပ်စု စံပြကျေးရွာ နှစ်ဆောင်ပြိုင် ကျောင်းတိုက်၌ ကျင်းပရာ ခရိုင်ဦးစီးမှူး ဒေါ်မျိုးမြတ်မြတ်သင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းနိုင်က သင်ထောက်ကူ ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို သင်တန်းသား သင်တန်းသူများအား ပေးအပ်သည်။



အဆိုပါ(Bakery) သင်တန်းတွင် ပေါင်မုန့်အမျိုးမျိုး၊ ကိတ်မုန့်အမျိုးမျိုးနှင့် ရေခဲမုန့်အမျိုးမျိုးတို့ကို မေ ၈ ရက်မှ ၂၃ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားလျက်ရှိကာ ထူးချွန်သင်တန်းသား သင်တန်းသူ ငါးဦးအား တစ်ဦးလျှင် ငွေကျပ်၁၄ သိန်းတန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လပွတ္တာခရိုင်၌ ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်

**လပွတ္တာ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအသီးသီးသို့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကျောက်ပန်းတောင်းမြို့နယ်၌ အခြေခံမွေးမြူရေးသင်တန်းဖွင့်လှစ်

**ကျောက်ပန်းတောင်း မေ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အခြေခံမွေးမြူရေးသင်တန်းကို မေ ၆ ရက်က ပြည်တော်သာရပ်ကွက် ကျောက်ပန်းတောင်း-ပုပ္ပားလမ်းဘေးရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ပြုလုပ်ရာ မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းထွန်းလင်းက သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် အခြေခံမွေးမြူရေးနည်းလမ်းများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများ၊ ဇီဝလုံခြုံမှုတိုးမြှင့်ရေးနှင့် အာဟာရများအကြောင်းတို့ကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခြေခံမွေးမြူရေးသင်တန်းကို လက်ပံပျားကျေးရွာ၊ ယင်းမာကုန်းကျေးရွာ၊ ဝက်ချုပ်ကုန်းကျေးရွာ၊ လှည်းပြည့်တောင်ကျေးရွာတို့မှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ဆီထွက်သီးနှံ တိုးတက်စိုက်ပျိုး ပြည်အကျိုး

မင်းမင်း



- ❑ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အထူးဇုန်များ သတ်မှတ်၍ ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိ
- ❑ ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို တောင်သူများထံ စဉ်ဆက်မပြတ် မျှဝေပေး

ပဲဆီကြိတ်ဆုံမှ ထွက်ပေါ်လာသည့် သဘာဝပဲဆီ အနံ့မွှေးမွှေးက စားသုံးသူပြည်သူများအား ဝယ်ယူရန် မာကတ်တင်း (Marketing) ဆင်းစရာမလိုအောင် ဆွဲဆောင်ထားသည်။ တစ်ပတ်ပြီးတစ်ပတ် စက်အားဖြင့် လည်ပတ်နေသော ကြိတ်ဆုံမှ ရရှိသည့် ဆုံဆီက သဘာဝအတိုင်း ထုတ်လုပ်ထားသည့်အတွက် သန့်ရှင်းသည်၊ အရည်အသွေးကောင်းမွန်သည်၊ ကျန်းမာရေးနှင့် ညီညွတ်သည်။

နွားလှည့် ဆုံဆီထုတ်လုပ်မှုအစား စက်၏ လည်ပတ်အားဖြင့် ဆီထုတ်လုပ်ခြင်းကို ပြောင်းလဲထုတ်လုပ်လာကြသော်လည်း သဘာဝအတိုင်း သန့်ရှင်းစွာထုတ်လုပ်ထားသည့်အတွက် ပဲဆီ၏ အရောင်၊ အနံ့၊ အရသာ က အရည်အသွေးကောင်းပြီး ကျန်းမာရေးအရ စားသုံးရန် သင့်လျော်သည်။

သို့သော် ပြည်တွင်းမှ သဘာဝပဲ၊ နှမ်း၊ နေကြာ အပါအဝင် စားသုံးဆီထုတ်လုပ်မှုက ပြည်တွင်းစားသုံးမှုကို ရာနှုန်းပြည့် လွှမ်းခြုံနိုင်မှုမရှိသေးပေ။ ပြည်တွင်းမှ ထွက်ရှိသည့် ဆီထွက်သီးနှံများကို ဆီအဖြစ် ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ် တင်ပို့မှု၊ တိုက်ရိုက်စားကုန်များအဖြစ် စားသုံးမှုတို့ကြောင့် ဒေသတွင်းစားသုံးဆီ လိုအပ်ချက်များ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ လိုအပ်သည့် စားသုံးဆီအတွက် ပြည်ပမှ စားသုံးဆီများကို နှစ်စဉ်တင်သွင်းပြီး နိုင်ငံခြားငွေသုံးစွဲနေရသည်။ ပြည်တွင်းမှ ထုတ်လုပ်သည့် ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများသည် အရည်အသွေး ကောင်းမွန်သော်လည်း ပြည်ပမှ တင်သွင်းသည့် စားအုန်းဆီများနှင့် ဈေးနှုန်းအရ ကွာဟမှုရှိသည်။

မြန်မာနိုင်ငံတွင် လူတစ်ဦးသည် တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ဆီ ၂ ဒသမ ၂၅ ကျပ်သား စားသုံးမှုရှိသည်။ နှစ်စဉ်စားသုံးရန်နှင့် လုပ်ငန်းသုံးအတွက် ဆီလိုအပ်ချက်တန်ချိန် ၁ ဒသမ ၁ သန်းခန့်ရှိရာ လိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပြည်ပမှ တင်သွင်းနေရသည်။

ပြည်ပမှ တင်သွင်းသည့် တန်ဖိုးအားဖြင့် သက်သာသော စားအုန်းဆီများကို အားထားသုံးစွဲနေရသည့်အခြေအနေကို ကျော်လွှန်နိုင်ရန် ပြည်တွင်းဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးခြင်း၊ စားသုံးဆီတိုးချဲ့ထုတ်လုပ်ခြင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် စားသုံးဆီကို စားသုံးသူပြည်သူများ အရည်အသွေး ကောင်းကောင်း၊ သင့်တင့်သောဈေးနှုန်း၊ မှန်ကန်သော အလေးချိန်ဖြင့် အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေးစီမံခြင်းတို့ဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲက မိမိတို့နိုင်ငံကို ဆီတင်သွင်းသည့် နိုင်ငံအဖြစ်မှ ဆီတင်ပို့သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားပြီးဖြစ်သည်။ ဆီထွက်သီးနှံများ စိုက်ပျိုးခြင်းမှ ပြည်တွင်းစားသုံးဆီဖူလုံရေးအပြင် ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်တင်ပို့နိုင်ရေးကိုပါ ရည်ရွယ်၍ အထွက်ကောင်းပြီး အရည်အသွေးမြင့်မားသော ဆီထွက်သီးနှံ မျိုးသစ်များကို စိုက်ပျိုးစေခြင်း၊ လိုအပ်သည့် စိုက်ပျိုးနည်းပညာနှင့် သွင်းအားစုများ ပံ့ပိုးပေးခြင်းတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများအား မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် ဟန်ချက်ညီညီ စနစ်တကျ စိုက်ပျိုးပြီး အထွက်နှုန်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာရေးကို အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ ပဲပုပ်နှင့် ပန်းနှမ်းတို့ကို ရှမ်းပြည်နယ်တွင် လည်းကောင်း၊ ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီးတွင်လည်းကောင်း အဓိကစိုက်ပျိုးကြသည်။ ယခုအခါ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အထူးဇုန်များသတ်မှတ်၍ ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိသည်။

ဆီထွက်သီးနှံများ အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင်ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာ အထောက်အကူပြုမည်ဖြစ်သည်။ မြေပဲ တစ်ဧကလျှင် တင်း ၇၀၊ နှမ်း တစ်ဧကလျှင် တင်း ၂၀ နှင့် နေကြာ တစ်ဧကလျှင် တင်း ၅၀ ထွက်ရှိရန် ပန်းတိုင်ထားသည်။

လက်ရှိ အထွက်နှုန်းအတိုင်း ဆီထုတ်လုပ်မည်ဆိုလျှင် စားသုံးဆီဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ ဆီထွက်သီးနှံများ စိုက်ဧကမှာ (ဆီအုန်းစိုက်ခင်းမပါ) စိုက်ဧက ရှစ်သန်းရှိသည်။ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ စားသုံးဆီဖူလုံမှုမှာ ၂၄၉ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး လိုအပ်ချက်၏ နှစ်ဆခွဲခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ပြည်ပမှ ဆီတင်သွင်းရမှုလည်း လျော့ကျသွားမည်ဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များက ဒေသနှင့်သင့်တော်သော စိုက်နည်းစနစ်နှင့် နည်းပညာများကို အနီးကပ်ကြီးကြပ်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီရရှိစေရန် တောင်သူများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို တောင်သူများထံ စဉ်ဆက်မပြတ် မျှဝေပေးလျက်ရှိသည်။

ထိုသို့ နည်းပညာမျှဝေခြင်း အစီအစဉ်များအပြင် နိုင်ငံတော်က ဆီထွက်သီးနှံစိုက် တောင်သူများကို မြေပဲတစ်ဧကလျှင် ငွေကျပ်သုံးသိန်း၊ နေကြာတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့် နှမ်းတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှင့်ညီမျှသော သွင်းအားစုများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

စားသုံးဆီ၏ အရည်အသွေးသည် ဆီစားသုံးသူပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများနှင့် ဆက်နွှယ်အရေးပါနေသည့်အတွက် စားသုံးဆီ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် ဆီထွက်သီးနှံစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်း၊ စက်ကြိတ်ခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း စသည့် ကွင်းဆက်တစ်လျှောက်လုံး အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို စနစ်တကျ လုပ်ဆောင်သွားကြရမည်ဖြစ်သည်။

ထို့ကြောင့် ပြည်တွင်းစားသုံးဆီကို သန့်ရှင်းစွာ၊ အရည်အသွေးကောင်းမွန်စွာ၊ ကျန်းမာရေးနှင့် ညီညွတ်စွာထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးခြင်းမှသည် စားသုံးဆီအဖြစ် စားသုံးသူပြည်သူများ လက်ဝယ်ရောက်ရှိသည်အထိ ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်တွင်းစားသုံးဆီကဏ္ဍသည် ပြည်သူ့ကျန်းမာရေး၊ နိုင်ငံတော်၏ စီးပွားရေးတို့နှင့် ဆက်နွှယ်နေသည့်အတွက် အရည်အသွေးကောင်းသည့် စားသုံးဆီ တိုးတက်စိုက်ပျိုးထုတ်လုပ်ရေး၊ ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချရေးလုပ်ငန်းစဉ်များတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ လက်ရှိ အထွက်နှုန်းအတိုင်း ဆီထုတ်လုပ်မည်ဆိုလျှင် စားသုံးဆီဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ ဆီထွက်သီးနှံများ စိုက်ကေမှာ (ဆီအုန်းစိုက်ခင်းမပါ) စိုက်ဧက ရှစ်သန်းရှိသည်။ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ စားသုံးဆီဖူလုံမှုမှာ ၂၄၉ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး လိုအပ်ချက်၏ နှစ်ဆခွဲခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ပြည်ပမှ ဆီတင်သွင်းရမှုလည်း လျော့ကျသွားမည်



# နိုင်ငံ့သားကောင်း တာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်–

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | – | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | – | ၀၃၆၃၁၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | – | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

# ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက်နှင့် မေ ၈ ရက်တို့တွင် နေပြည်တော် ရုံးအမှတ် (၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**


ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးခဲ့ရသော နိုင်ငံပိုင်အခြေခံအဆောက်အအုံများကို ပြန်လည်ထူထောင်ပေးခြင်းနှင့် အသစ်တည်ဆောက်နေသော ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ပေးပြီး နိုင်ငံ့ဝန်ထမ်းများအား အမြန်ဆုံးပြန်လည်နေရာချထားပေးနိုင်ရန် လိုပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများ အလေအလွင့်မရှိ ထိထိရောက်ရောက် အကျိုးရှိအောင် စနစ်တကျ သုံးစွဲရမည်ဖြစ်ပါကြောင်း၊ မြို့ပြဖွံ့ဖြိုးရေးအတွက် မြို့ရွာများကို ဟန်ချက်ညီညီ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူအတွက် သင့်လျော်ကောင်းမွန်သည့် အိမ်ရာများ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရန် မူဝါဒနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး / ပြည်နယ်များရှိ ဦးစီးဌာနများမှ တာဝန်ခံညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများက ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းလျာထားချက်များ၊ လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။



**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး၌ ရက်(၁၀၀)စီမံချက်ဖြင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကတ် ပြုလုပ်ပေးလျက်ရှိ



**မကွေး မေ ၈**

မကွေးမြို့နယ်အတွင်းရှိ ပြည်သူလူထုအား ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက မကွေးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ပေးရာ ယမန်နေ့မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူများအနေဖြင့် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အိမ်ထောင်စုလူဦးရေစာရင်း၊ အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်အသစ် ပြုလုပ်ပေးနေမှု၊ အသက် ၁၈ နှစ်ပြည့်နှင့် ဟောင်းနွမ်း ပျက်စီးခြင်းများကို အသစ်လဲလှယ် ပြုလုပ်ပေးနေမှု၊ ဇီဝဆိုင်ရာ အချက်အလက် (Biometric) ကောက်ယူပြီး UID ကတ် ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးကြပြီး **(ဝဲပုံ)** ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

# လှိုင်ကော်မြို့ အဆင့်မြင့်သီရိမင်္ဂလာဈေးသစ် အပြီးသတ် ဆက်လက်တည်ဆောက်နိုင်ရေးဆောင်ရွက်

**လှိုင်ကော် မေ ၈**

လှိုင်ကော်မြို့ အဆင့်မြင့်သီရိမင်္ဂလာဈေးသစ်ကြီးကို ယခုဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ရာ ပြည်နယ်ဝန်ကြီးချုပ်ဦးအုံ့မော်သည် ယနေ့နံနက်ပိုင်းတွင် အဆင့်မြင့်သီရိမင်္ဂလာဈေးသို့သွားရောက်၍ ဈေးသစ်ကြီး အပြီးသတ် ဆက်လက်တည်ဆောက်နိုင်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက အဆင့်မြင့်သီရိမင်္ဂလာဈေးသစ်အား အပိုင်းလိုက် တည်ဆောက်ပြီးစီးမှု၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချမှုအခြေအနေများနှင့် ယခုဘဏ္ဍာနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ဈေးရုံ၊ ဈေးဆိုင်ခန်းများ ဆောင်ရွက်မည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလပြီးစီးအောင်ဆောင်ရွက်သွားရန်နှင့် ဈေးရုံများအတွင်း မီးငြိမ်းသတ်စနစ်များ၊ မီးသတ်ရေငုတ်များနှင့် အခြားထည့်သွင်းတည်ဆောက်ရန် လိုအပ်သည့်လုပ်ငန်းများ ပြည့်စုံအောင် ထည့်သွင်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အဆင့်မြင့်သီရိမင်္ဂလာဈေး ဆက်လက်တည်ဆောက်မည့်လုပ်ငန်းနေရာသို့ သွားရောက်ကြည့်ရှုပြီး လုပ်ငန်းများ အမြန်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးပါက မူလဆိုင်ခန်းရှင်များကို စနစ်တကျပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားပြီး ဈေးရုံများအတွင်း ရောင်းဝယ် ဖောက်ကားနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။



ယခု ဘဏ္ဍာနှစ်အတွင်း အဆင့်မြင့် သီရိမင်္ဂလာဈေးသစ် တည်ဆောက်ခြင်း လုပ်ငန်းတွင် အဆင့်မြင့် နှစ်ထပ်ဈေးရုံ လေးရုံနှင့် တစ်ထပ်ဈေးရုံ ၁၄ ရုံတို့ကို ဆက်လက် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားနှင့် လူရည်ချွန်စခန်း (ချောင်းသာ၊ ငွေဆောင်)မှ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲ တက်ရောက်



**ပုသိမ် မေ ၈**

ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ထူးချွန်ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများက ဆုများချီးမြှင့်ကြပြီး ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပုသိမ်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည့် ၂၀၂၆ ခုနှစ် လူရည်ချွန်စခန်း (ချောင်းသာ၊ ငွေဆောင်)မှ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားကာ လူရည်ချွန်မောင်မယ်များနှင့် လူရည်ချွန်ကြီးများအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြစ်ကြီးနားမြို့၌ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**မြစ်ကြီးနား မေ ၈**

"ညီညွတ်မှုအားနဲ့ တို့ကူညီ လူသားချင်းစာနာတဲ့ ကြက်ခြေနီ" ဆောင်ပုဒ်ဖြင့် မေ ၈ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် စည်ပင်သာယာရေး ဝန်ကြီး ဒေါက်တာ သန်းငွေအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီ အခမ်းအနားသို့ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့် ပေးပို့သည့် သဝဏ်လွှာအား ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဘရန်ဒီးက ဖတ်ကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးပို့သည့် ဂုဏ်ပြု Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် လူမှုကူညီရေးအသင်းအဖွဲ့အသီးသီးမှ စေတနာလုပ်အားရှင်များက စုပေါင်းသွေးလှူဒါန်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး အာဟာရဖြည့် အစားအစာများနှင့် အားဖြည့်အချိုရည်များကို ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ခရိုင်
(ပြန်/ဆက်)

## လှည်းကူးမြို့နယ်၌ စာရေးဆရာအသင်း စတုတ္ထအကြိမ် ညီလာခံကိုယ်စားလှယ်ရွေးချယ်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် စတုတ္ထအကြိမ် ညီလာခံကိုယ်စားလှယ်ရွေးချယ်ခြင်းအခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ ဒါးပိန်မောင်မြင့်ထွန်းက အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲရင့်စိုးညွန့်က မုဒိတာစကား ပြောကြားသည်။

ဆက်လက်ပြီး တင်သွင်းလာသည့် ကိုယ်စားလှယ်အမည်စာရင်းကို တင်ပြရာ တက်ရောက်လာသူများ ကန့်ကွက်ရန်မရှိပါသဖြင့် အထမြောက်ကြောင်းကြေညာပြီး စာရေးဆရာအသင်းအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် စာရေးဆရာတို့က အလှူငွေများ ပေးအပ်ခဲ့သည်။ အိရွှေစင်လတ်(ပြန်/ဆက်)

## ရာသီဥတုအညွှန်းကိန်း အခြေပြု သီးနှံအာမခံလုပ်ငန်းဆောင်ရွက်မည်

**ရန်ကုန် မေ ၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းက ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၂ ခုတွင် မိုးရာသီစိုက်ပျိုးစရိတ် စတင်ထုတ်ချေးမည့် ၂၀၂၆ ခုနှစ် မေလမှစ၍ ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာပြည်အထက်ပိုင်းဒေသများတွင် သတ်မှတ်မိုးရေချိန်အောက် လျော့နည်းရွာသွန်းခြင်းနှင့် မြန်မာပြည်အောက်ပိုင်းဒေသများတွင် သတ်မှတ်မိုးရေချိန်ထက် ကျော်လွန်ရွာသွန်းခဲ့ပါက သီးနှံအာမခံလျော်ကြေးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှသိရသည်။ **မျိုးမင်းသူရ**

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မေ ၈**



တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော် အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် သပိတ်ကျင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သစ်အနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဦးစားပေးဆောင်ရွက်မည့်ကိစ္စရပ်များတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးမည့်အစီအစဉ်နှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများထုတ်ချေးမည့် အစီအစဉ်တို့အား တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မိုးရာသီချေးငွေကာလမှစတင်၍ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးမည်ဖြစ်ရာ သီးနှံအမျိုးအစားအလိုက် တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား၊ ချေးငွေအတိုးနှုန်း၊ စတင်ထုတ်ချေးမည့်ကာလသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ထုတ်ချေးမည့်ချေးငွေနှုန်းထား**

| စဉ် | သီးနှံအမျိုးအစား | လက်ရှိချေးငွေ နှုန်းထား | တိုးမြှင့်ထုတ်ချေးမည့် နှုန်းထား |
|---|---|---|---|
| (၁) | စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ (မျိုးစေ့ထုတ်) | ကျပ် ၁၅၀,၀၀၀ | ကျပ် ၃၀၀,၀၀၀ |
| (၂) | အခြားသီးနှံ(၁၈)မျိုး | ကျပ် ၁၀၀,၀၀၀ | ကျပ် ၂၅၀,၀၀၀ |
| (၃) | ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော် | ကျပ် ၁၀၀,၀၀၀ | ကျပ် ၁၅၀,၀၀၀ |

(ခ) **ချေးငွေအမျိုးအစားနှင့်ထုတ်ချေးကာလ**

| စဉ် | ချေးငွေအမျိုးအစား | ထုတ်ချေးကာလ |
|---|---|---|
| (၁) | မိုးချေးငွေ | ၂၀၂၆ ခုနှစ်၊ မေလမှ စက်တင်ဘာလကုန်အထိ၊ |
| (၂) | ဆောင်းချေးငွေ | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ၊ |
| (၃) | မိုးကြိုချေးငွေ | ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လကုန်အထိ၊ |

(ဂ) **ချေးငွေအတိုးနှုန်း** - (၁)နှစ်လျှင် ၅%၊

(ဃ) **စတင်ထုတ်ချေးမည့်ရက်** - ၁၂-၅-၂၀၂၆ (၂၀၂၆ ခုနှစ်၊မေလ ၁၂ ရက်)၊

(င) **အာမခံ(အပေါင်)ရယူမှု** - လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မူရင်း။

၃။ လယ်ယာသုံးစက်ကိရိယာချေးငွေဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ချေးငွေပမာဏ** - ကျပ်သိန်း ၁၀၀မှ ကျပ်သိန်း ၃၀၀၀အထိ တစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၁မှ ကျပ်သိန်း ၅၀၀၀အထိ တစ်ကဏ္ဍ၊

(ခ) **အတိုးနှုန်း** - (၁)နှစ်လျှင် ၆%၊

(ဂ) **ချေးငွေသက်တမ်း** - နှစ်ချင်းဆပ် (၁)နှစ်၊ နှစ်တို (၃)နှစ်၊ နှစ်ရှည် (၅)နှစ်၊

(ဃ) **ချေးငွေလျှောက်ထား ရယူနိုင်သူများ** - တောင်သူလယ်သမားများ၊ လယ်ယာကုန်ထုတ်လုပ်ငန်းရှင်များ၊

(င) **ထုတ်ချေးနိုင်သည့် လယ်ယာသုံး စက်ကိရိယာများ** - လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ ရေစုပ် / ရေတင်စက်၊ ဆိုလာရေတင်စက်၊ မျိုးစေ့ချစက်၊ လယ်ထွန်စက်အသေး၊ ရိတ်ခြွေစက်အသေး၊ ပဲခွဲစက်၊ ကောက်စိုက်စက်၊ အခြောက်ခံစက် (Dryer)၊ သိုလှောင်ရုံ (Silo)၊ ဆန်စက် အစရှိသည့် စက်ကိရိယာများ၊

(စ) **အာမခံရယူမှု** - လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)မြေ၊ ဘိုးဘပိုင်မြေ၊ ဂရန်မြေ၊ (လန-၃၉)မြေနှင့်ယင်းမြေပေါ်တွင်တည်ရှိသည့် အဆောက်အဦများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးယာဉ်များ၊ အခြားပုံသေရပိုင်ခွင့်များ [အာမခံလုံလောက်ပါက စက်ကိရိယာ (၁) မျိုးထက်ပို၍ ဝယ်ယူနိုင်ပါသည်]၊

(ဆ) **ဦးစားပေးမှု** - တောင်သူလယ်သမားများ၊ သမဝါယမအသင်းဝင်များ၊

(ဇ) **စတင်ထုတ်ချေးမည့် ကာလ** - ၂၀၂၆ ခုနှစ်၊ မေလမှ စတင်ထုတ်ချေးမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း (Agro-based Industry) တည်ဆောက်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးသည့် စိုက်ပျိုးရေးနှင့် လယ်ယာသုံးစက်ကိရိယာချေးငွေများရယူလိုသော တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သက်ဆိုင်ရာခရိုင်/မြို့နယ်ဘဏ်ခွဲများသို့ အမြန်ဆုံးဆက်သွယ်ကြပါရန် လေးစားစွာဖြင့် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

# အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းသို့ ရောက်ရှိနေသည့် လူရည်ချွန်မောင်မယ်များ သမိုင်းဝင် ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူဘုရားသို့ သွားရောက်လေ့လာလည်ပတ်

**ညောင်ရွှေ မေ ၈**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင် လူရည်ချွန်စခန်း၌ ရောက်ရှိနေသော ဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၂ ဦးသည် ကြီးကြပ်ဆရာ ဆရာမများ၊ လူရည်ချွန်စခန်းတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့သို့ သွားရောက်လေ့လာလည်ပတ်ကြသည်။

ဦးစွာ လူရည်ချွန်မောင်မယ်များသည် အထင်ကရ နေရာတစ်ခုဖြစ်သည့် ရွှေဥမင် သဘာဝ လိုဏ်ဂူဘုရားကြီးအတွင်း ဝင်ရောက်လေ့လာကာ ဘုရားပရိဝုဏ်ရှိ ဈေးဆိုင်ခန်းများ၌ ဒေသရိုးရာ စားသောက်ကုန်များ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်မောင်မယ်များသည် သမိုင်းဝင်ပုန်းတလုတ် ရေကန်ကြီးသို့ လည်ပတ်ကြပြီး အထက(၁)ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**စိုင်းအယ်ဘဲ**



# ဆင်ပေါင်ဝဲမြို့နယ်၌ မျိုး၊ မြေဩဇာသွင်းအားစုများ ထောက်ပံ့နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ မေ ၈**




မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ရက် (၁၀၀) စီမံချက်ကာလအတွင်း ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး တောင်သူများ ဝင်ငွေပိုမိုတိုးတက် ရရှိရေးအတွက် (သက်တန့်ရောင်) စီမံကိန်း မျိုး၊ မြေဩဇာသွင်းအားစုများ ထောက်ပံ့ပေးခြင်းလုပ်ငန်းအတွက် မိုးစပါး၊ ဝါစိုက်ပျိုးမည့် ကျေးရွာခြောက်ရွာရှိ အသင်းအမှုဆောင်များနှင့် အသင်းသားများအား မေ ၇ ရက်မှ ၉ ရက်အထိ တွေ့ဆုံရှင်းလင်းလျက်ရှိသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် ဒုတိယတိုင်းသမဝါယမဦးစီးမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်အတွက် သမဝါယမဦးစီးဌာနမှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် လူမှုစီးပွားဘဝမြှင့်တင်ရေး(သက်တန့်ရောင်) စီမံကိန်း မျိုး၊ မြေဩဇာသွင်းအားစုများ ထောက်ပံ့ပေးခြင်းလုပ်ငန်းအတွက် မိုးစပါးနှင့် ဝါစိုက်ပျိုးမည့် ဉာဏ်တော်အင်း၊ လွန်ချီ၊ မွန်းညောင်ပင်သာ၊ ဝါးရှိ၊ မကြီးစမ်း၊ ကုက္ကိုစမ်း စသည့်ကျေးရွာခြောက်ရွာမှ အသင်းအမှုဆောင်များနှင့် အသင်းသားများအား အသိပညာပေး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခန့်ဝင်း (ဆင်ပေါင်ဝဲ)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

❖ *ကျောဖုံးမှ*




နိုင်ငံတော်အနေဖြင့် စက်သုံးဆီမပြတ်လပ်စေရေး၊ အရန်ဆီပိုမိုသိုလှောင်ထားရှိနိုင်ရေး စီမံဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူခွင့်ရရှိစေရေးအတွက် စဉ်ဆက်မပြတ် စောင့်ကြည့်ထိန်းကျောင်းပေးလျက်ရှိနေကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ဂျပန်နိုင်ငံ၌ ယခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားသူဦးရေ ၄၀၀ ကျော်ရှိလာ

တိုကျို မေ ၈

ဂျပန်နိုင်ငံ၌ ယခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားသူဦးရေ ၄၀၀ ကျော်ရှိလာပြီး အဆိုပါ ပမာဏမှာ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း အများဆုံးဖြစ်ပွားခဲ့သော ၂၀၁၉ ခုနှစ် ပမာဏနှင့် နီးကပ်လာပြီဖြစ်သည်။




**ဝက်သက်ရောဂါဖြစ်ပွားသူ ၆၈ ဦး တိုးလာ**

ဧပြီလ နောက်ဆုံးပတ်တွင် ဝက်သက်ရောဂါဖြစ်ပွားသူ ၆၈ ဦး တိုးလာခဲ့ပြီး ယခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားသူဦးရေမှာ ၄၃၆ ဦး ဖြစ်လာခဲ့သည်ဟု ဂျပန်ကျန်းမာရေး အင်စတီကျုက ပြောသည်။

**ပြည်တွင်းဗိုင်းရပ်စ်ပိုးကြောင့် ကူးစက်**

ရောဂါ ကူးစက်ခံရသူများ၏ ၇၀ ရာခိုင်နှုန်းမှာ ပြည်တွင်းကပင် ဗိုင်းရပ်စ်ပိုးကြောင့် ကူးစက်ခံရခြင်းဖြစ်သည်ဟု ကျန်းမာရေး အင်စတီကျု၏ ခန့်မှန်းချက်အရ သိရသည်။

**အပြီးတိုင် ရှင်းလင်းနိုင်**

ဂျပန်နိုင်ငံသည် ၂၀၁၅ ခုနှစ်၌ ဝက်သက်ရောဂါကို အပြီးတိုင် ရှင်းလင်းနိုင်ခဲ့ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အတည်ပြုခဲ့သည်။

**ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါကာကွယ်နိုင်**

အဓိက ကာကွယ်ရေးနည်းလမ်းမှာ ကာကွယ်ဆေးထိုးခြင်းဖြစ်ပြီး အထူးသဖြင့် ကလေးများတွင် ကာကွယ်ဆေးထိုးခြင်းဖြင့် ဝက်သက်ရောဂါကို ကာကွယ်နိုင်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကာကွယ်ဆေး မထိုးရသေးသော မွေးကင်းစကလေးများကို ပြုစုစောင့်ရှောက်သူများ၊ လေဆိပ်ဝန်ထမ်းများနှင့် ခရီးသွားများနှင့် ထိတွေ့ဆက်ဆံရသူများ အနေဖြင့် ကာကွယ်ဆေး ထိုးနှံထားကြရန်လည်း အကြံပြုထားသည်။

အင်န်အိတ်ချ်ကေ

## ဟော်မုဇ်ရေလက်ကြားတွင် ကုန်တင်သင်္ဘောတစ်စင်း ဒရုန်းဖြင့် တိုက်ခိုက်ခံရပြီး သင်္ဘောသား ခုနစ်ဦး ဒဏ်ရာရရှိ

မနီလာ မေ ၈

ဟော်မုဇ် ရေလက်ကြားတွင် ရောက်ရှိနေသော ဆန်အန်တိုနီယို အမည်ရှိ ကုန်တင်သင်္ဘောတစ်စင်းပေါ်ရှိ ဖိလစ်ပိုင်သင်္ဘောသား ခုနစ်ဦး ဒရုန်းဖြင့် တိုက်ခိုက်ခံရပြီး ဒဏ်ရာရရှိခဲ့သည်ဟု ဖိလစ်ပိုင်ရွှေ့ပြောင်းအလုပ်သမားရေးရာဝန်ကြီးဌာနက ယမန်နေ့က ပြောကြားခဲ့သည်။



ဒရုန်းက သင်္ဘောကို ထိမှန်စဉ် သင်္ဘောအမှုထမ်းများ အပါအဝင် သင်္ဘောသားခုနစ်ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင်ရွှေ့ပြောင်းလုပ်သား ရေးရာဝန်ကြီး ဟန်စ်လီယိုကက်ဒက်က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဒရုန်းဖြင့် တိုက်ခိုက်ခံရမှုတွင် ဖိလစ်ပိုင်သင်္ဘောသားများ အသက်ရှင်ခဲ့သော်လည်း လတ်တလောတွင်မူ ဆေးရုံတစ်ခု၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ သုံးဦးမှာ ပြင်းထန်ပြီး လေးဦးမှာ မပြင်းထန်ကြောင်း ကက်ဒက်က ပြောသည်။

အရှေ့အလယ်ပိုင်း အထူးသဖြင့် ဟော်မုဇ်ရေလက်ကြား တစ်ဝိုက်တွင် တင်းမာမှုများ မြင့်တက်နေချိန် ယခုဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

## နိုင်ဂျီးရီးယားအလယ်ပိုင်း၌ ပြန်ပေးဆွဲခံရသော ကျောင်းသားများကို ရဲတပ်ဖွဲ့ ကယ်ဆယ်

အဘူဂျာ မေ ၈

နိုင်ဂျီးရီးယားအလယ်ပိုင်းဒေသ နာဆာရာဝါပြည်နယ် တက္ကသိုလ်တစ်ခု၏ ကျောင်းသားအဆောင်တစ်ခုကို လက်နက်ကိုင်လူတစ်စုက ဝင်ရောက်တိုက်ခိုက်ကာ ကျောင်းသားခြောက်ဦးကို ပြန်ပေးဆွဲခဲ့ပြီးနောက် နိုင်ဂျီးရီးယား ရဲတပ်ဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများကို ယမန်နေ့က စတင်လုပ်ဆောင်ခဲ့သည်။

သေနတ်သမားများသည် အာ့ခ်ဝမ်ဂါဒေသ အုပ်ချုပ်ရေးနယ်မြေ ဂူဒီမြို့ရှိ ကျောင်းပြင်ပ အဆောင်တစ်ခုကို မေ ၆ ရက်က ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း နာဆာရာဝါရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရာမန်နန်ဆယ်က ပြောသည်။

ပြန်ပေးဆွဲခံရသူများမှာ အင်ဂျင်နီယာ ကျောင်းသားများဖြစ်ပြီး ၎င်းတို့ကို အသင့်စောင့်ဆိုင်းနေသော ကားဖြင့် အတင်းအကျပ်ခေါ်ဆောင်သွားခဲ့သည်။ မည်သည့်နေရာသို့ ခေါ်ဆောင်သွားကြောင်းကိုမူ မသိရသေးချေ။ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့သည် ပြန်ပေးဆွဲသမားများကို ခြေရာခံနိုင်ပြီး ကျောင်းသားများကို ကယ်ထုတ်နိုင်ရန် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကာ ပြစ်မှုကျူးလွန်သူ ပြန်ပေးဆွဲသမားများကို အမြန်ဆုံးဖမ်းဆီး၍ ဥပဒေအရ အရေးယူသွားမည်ဟု နန်ဆယ်က ပြောသည်။

ဆင်ဟွာ

## သုတေသနပြုမှုများအရ နယူးဇီလန်နိုင်ငံ၌ အစာအိမ်ကင်ဆာဖြစ်ပွားမှု သိသိသာသာမြင့်တက်လာနိုင်

ဝယ်လင်တန် မေ ၈

နယူးဇီလန်နိုင်ငံ၌ ၂၀၄၅ ခုနှစ်သို့ရောက်ရှိပါက အစာအိမ်ကင်ဆာဖြစ်ပွားမှုမှာ ၅၀ ရာခိုင်နှုန်းမြင့်တက်လာနိုင်ခြေရှိပြီး မော်ရီလူမျိုးများနှင့် ပစိဖိတ်ဒေသခံများမှာ ပိုမိုထိခိုက်နိုင်ခြေရှိကြောင်း မေ ၈ ရက်တွင် ထုတ်ပြန်သည့် သုတေသနအသစ်အရ သိရသည်။

အဆိုပါလေ့လာမှုကို နယူးဇီလန်ကျန်းမာရေးနှင့် အော့ကလန်တက္ကသိုလ်တို့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်အစာအိမ်ကင်ဆာဖြစ်ပွားမှုအရေအတွက်သည် ၂၀၂၂ ခုနှစ်ဝန်းကျင်တွင် ခန့်မှန်းခြေအားဖြင့် ၄၉၂ ခုမှ ၂၀၅၀ ပြည့်နှစ်ဝန်းကျင်၌ ၇၂၅ ခုအထိ တိုးမြင့်လာနိုင်မည်ဟု ခန့်မှန်းထားသည်။

အသက် ၇၅ နှစ်နှင့်အထက် လူများတွင် အစာအိမ်ကင်ဆာဖြစ်ပွားမှုမှာ နှစ်ဆတိုးလာနိုင်ပြီး ကျန်းမာရေးဝန်ဆောင်မှုများအပေါ် နောက်ထပ်ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်သည်ဟု နယူးဇီလန် ဆေးပညာဂျာနယ်တွင် ဖော်ပြထားသည်။ မော်ရီလူမျိုးများနှင့် ပစိဖိတ်ဒေသခံများမှာ အစာအိမ်ကင်ဆာဖြစ်ပွားမှုနှုန်း မြင့်မားသည့်အခြေအနေရှိပြီး လာမည့်ကာလအတွင်း လူနာအရေအတွက် နှစ်ဆမြင့်တက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။ မော်ရီလူမျိုးများကြား၌ အစာအိမ်ကင်ဆာသည် သေဆုံးမှုအမြင့်ဆုံး ကင်ဆာ ၁၀ မျိုးတွင် ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်။ အနာဂတ်တွင် ဖြစ်ပေါ်လာမည့်ကင်ဆာဖြစ်ပွားမှုများကို Helicobacter pylori ပိုးစစ်ခြင်းနှင့် ကုသခြင်းအစီအစဉ်များမှတစ်ဆင့် ကာကွယ်နိုင်ကြောင်း လေ့လာမှုအရဖော်ပြလျက်ရှိသည်။

ဆင်ဟွာ

## သီရိလင်္ကာ၌ ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်၍ မူးယစ်ဆေးဝါး တိုက်ဖျက်မှုစစ်ဆေးရေးအဖြစ် သံသယရှိသူ ၁၆၈၀၀၀ ကျော်ကို ဖမ်းဆီး

ကိုလံဘို မေ ၈

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ဆင်ရေးအတွင်း သံသယရှိသူပေါင်း ၁၆၈၀၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်ဟု သမ္မတရုံး မီဒီယာဌာန (PMD) က မေ ၈ ရက် ထုတ်ပြန်ချက်တစ်ရပ်၌ ဖော်ပြသည်။

သမ္မတ အနုရကူမာရ ဒီဆာနာယက်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို ပိုမိုအားကောင်းစေရန် ဥပဒေပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အမိန့်ပေးအပ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ PMD ၏ ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်မှ စတင်ဆောင်ရွက်ခဲ့သော စစ်ဆင်ရေးအတွင်း ဆေးခြောက် ၅၄၃၇ ဒသမ ၄ ကီလို၊ ဘိန်းဖြူ ၁၉၃၆ ဒသမ ၃ ကီလို၊ ပုံဆောင်ခဲ မက်သမ်ဖက်တမင်း ၁၉၉၁ ဒသမ ၄ ကီလို၊ ကိုကင်း ၂၇၁ ဒသမ ၇ ကီလို၊ မူးယစ်ဆေးပြား ၁၅၇၄၈၉၅ ပြားနှင့် တရားမဝင်စီးကရက် ၆၂၉၉၈၈ ဘူးကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆင်ရေးစတင်သည့်အချိန်မှစတင်၍ မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့်အရေးယူမှုများကို ၈၀ ရာခိုင်နှုန်းအထိ တိုးမြှင့်လုပ်ဆောင်ခဲ့သည်ဟု သတင်းထုတ်ပြန်ထားသည်။

ဆင်ဟွာ

## မက္ကဆီကိုနိုင်ငံ ဈေးဝယ်စင်တာ၌ မီးလောင်မှုဖြစ်ပွားသဖြင့် ငါးဦးထက်မနည်းသေဆုံး၊ ၃၀ ခန့် ဒဏ်ရာရရှိ

မက္ကဆီကိုစီးတီး မေ ၈

မက္ကဆီကိုနိုင်ငံ အနောက်မြောက်ပိုင်း ဈေးဝယ်စင်တာတစ်ခု၌ မီးလောင်မှုဖြစ်ပွားသဖြင့် ငါးဦးထက်မနည်း သေဆုံးခဲ့ပြီး ၃၀ ခန့်ဒဏ်ရာရရှိကြောင်း အာဏာပိုင်များ၏ ပြောကြားချက်ကို ပြည်တွင်းမီဒီယာက ဖော်ပြထားသည်။




မက္ကဆီကိုနိုင်ငံ စီနာလိုအာပြည်နယ် လော့စ်မိုချက်စ်မြို့ရှိ ဈေးဝယ်စင်တာတစ်ခု၌ မေ ၇ ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိခိုက်သေဆုံးသူများ၏ မိသားစုဝင်များနှင့် ဆက်သွယ်သွားမည်ဖြစ်ကြောင်း စီနာလိုအာမြောက်ပိုင်းဒေသဆိုင်ရာ လက်ထောက်အစိုးရရှေ့နေ ဂျက်စ်ဆတ်ဆာရာနိုက ဒေသတွင်းမီဒီယာများကို ပြောကြားသည်။

ဈေးဆိုင်တန်း အတွင်းရှိ စားသောက်ဆိုင်တစ်ခု၏ မီးဖိုချောင်အတွင်း စတင်မီးလောင်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံအတွင်း မီးလောင်လွယ်သည့် ပစ္စည်းများကြောင့် လျင်မြန်စွာ မီးကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာက ထုတ်ပြန်ထားသည်။


မီးလောင်မှုကြောင့် ဒဏ်ရာရရှိသူများကို အနီးနားရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း စီနာလိုအာပြည်နယ်အစိုးရရှေ့နေရုံးက လူမှုကွန်ရက်မီဒီယာတွင် ပြောကြားသည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ




ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြပုံ။




ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်မြို့အနီး တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများကို ဖမ်းဆီးရမိသည့်နေရာပြပုံ။

❑ *ကျောဖုံးမှ*

တစ်လုံး၊ ပါဝါစတေရှင်(အကြီး) နှစ်လုံးနှင့် ဖျက်ဆီးထားသည့် ဖုန်းမျိုးစုံ အလုံး ၉၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်း လုပ်ငန်းများအား ဆက်လက် ဆောင်ရွက်ခဲ့ရာ ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၆၀၀၀ ခန့်အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦးတို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။



ကျိုင်းတောင်မြို့အနီး၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ခြောက်ဦးကို တွေ့ရစဉ်။



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ အမျိုးသမီးငါးဦးကို တွေ့ရစဉ်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ကျိုင်းတောင်မြို့၏ တောင်ဘက် မီတာ ၁၂၀၀၀ ခန့်အကွာ မိုင်းပန်-ကျိုင်းတောင်သွား ကားလမ်းအနီး၌ တရားမဝင် အွန်လိုင်း လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ခြောက်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



သိမ်းဆည်းရမိသည့် မီးစက်ကို တွေ့ရစဉ်။





လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများကို တွေ့ရစဉ်။



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ အလုံး ၉၀ ခန့် သိမ်းဆည်းရမိစဉ်။

## မြောင်းမြမြို့၌ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအား ဂုဏ်ပြု

**မြောင်းမြ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁)မှ သတ်မှတ်ကာလပြည့်သည်အထိ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ မြရွှေဝါခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဖြိုး(ပြန်/ဆက်)**



❍ *ကျောဖုံးမှ*

အဆိုပါ ဘောလုံးသင်တန်းကို မြို့နယ်အတွင်းရှိ ဘောလုံးအားကစား ဝါသနာရှင်ကျောင်းသား လူငယ်များ တက်ရောက် သင်ယူကြပြီး အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တိုင်း သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလကို မေ ၄ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# စိုက်ပျိုးရေးကဏ္ဍတွင် ရေအရင်းအမြစ်ကို အကျိုးရှိရှိ အသုံးချ

ဒေါက်တာပပဝင်း(စိုက်/သု)

**ရေသည် စိုက်ပျိုးရေး၏ အသက်သွေးကြောဖြစ်သောကြောင့် စနစ်ကျသည့် "ရေ" စီမံခန့်ခွဲမှုသည် တောင်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးမည့် သော့ချက်ပင်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုများနှင့် ရင်ဆိုင်နေကြရသည့် ယနေ့ခေတ် စိုက်ပျိုးရေးကဏ္ဍတွင် ရေအရင်းအမြစ်ကို အကျိုးရှိရှိအသုံးချနိုင်ရေးသည် အရေးပါသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါသည်။**

ရေကို အလေအလွင့်မရှိစေဘဲ အပင်၏လိုအပ်ချက်နှင့်အညီ အချိန်ကိုက်၊ အချိုးကျပေးသွင်းနိုင်ခြင်းက ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်၏ အခြေခံအုတ်မြစ်ဖြစ်ရာ တောင်သူဦးကြီးများနှင့် ပညာရှင်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်များကို အခြေခံ၍ ထိရောက်သော ရေသုံးစွဲမှု နည်းစနစ်များ၊ အစိုဓာတ်အပေါ် မူတည်၍ ပြန်လည်ရရှိလာမည့် အထွက်နှုန်းနှင့် ရေတစ်ယူနစ်၏တန်ဖိုးကို အမြင့်ဆုံးဖော်ဆောင်နိုင်သည့် ဗဟုသုတများအား အနှစ်ချုပ် ထုတ်နုတ်တင်ပြသွားပါမည်။

**ရေအရင်းအမြစ်ရရှိသုံးစွဲမှုဆိုင်ရာ စိန်ခေါ်မှုများ**

၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ သန်း ၉၀၀၀ အထိ တိုးလာနိုင်ပြီး အစားအစာလိုအပ်ချက်မှာ ၇၀ ရာခိုင်နှုန်းခန့်အထိ တိုး၍ လိုအပ်လာမည်ဟု ခန့်မှန်းထားရာ အဆိုပါလိုအပ်ချက်ကို ဖြည့်တင်းရန်အတွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးပြုရမည့် ရေလိုအပ်ချက်မှာ (၅၀% – ၈၀%) အထိ တိုးမြင့်လာနိုင်ပါသည်။ ယခုအချိန်အခါသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ ဆည်မြောင်း၊ ကန်၊ ချောင်းများအတွင်း ရေဝင်ရောက်မှု နည်းပါးလာခြင်း၊ ရေဝေရေလဲဧရိယာများပျက်စီးပြီး ရေအရင်းအမြစ်များ ရှားပါးလာခြင်းနှင့် နည်းပညာအားနည်း၍ သမားရိုးကျရေသွင်းနည်းစနစ်များကိုသာ အသုံးပြုနေရသောကြောင့် ရေအလေအလွင့်များပြားခြင်း စသည့် အခြေအနေများနှင့် တွေ့ကြုံနေကြရသည့် အချိန်အခါဖြစ်ပါသည်။

**"နည်းစနစ်ကျသော ရေအသုံးချမှုမှသည် အမြင့်ဆုံးသော သီးနှံအထွက်နှုန်းဆီသို့"** ရောက်ရှိရန်မှာ သီးနှံပင်များ၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက ရေအရည်အသွေးနှင့် မြေဆီလွှာ အစိုဓာတ်ကို ထိန်းသိမ်းပေးနိုင်မည့် နည်းပညာရပ်များကို ပေါင်းစပ်၍ စိုက်ပျိုးလုပ်ကိုင်မှသာလျှင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

**ထိရောက်သော ရေသုံးစွဲမှု**

ထိရောက်သော ရေသုံးစွဲမှုဆိုသည်မှာ နည်းပညာကို အသုံးပြု၍ သီးနှံပင်များ၏ ရေလိုအပ်သည့်အချိန်၊ လိုအပ်သည့် ရေပမာဏကို အလေအလွင့်မရှိ နည်းစနစ်မှန်ကန်စွာ ထည့်သွင်းပေးခြင်းဖြစ်ပါသည်။ ထိုသို့ ရေကို ထိရောက်စွာသုံးစွဲခြင်းကြောင့် ရေ၏အရည်အသွေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း၊ ရေတစ်ယူနစ်သုံးစွဲမှုအပေါ် မူတည်၍ ထွက်ရှိလာမည့်အထွက်နှုန်းကို တိကျစွာတွက်ချက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

> **"နည်းစနစ်ကျသော ရေအသုံးချမှုမှသည် အမြင့်ဆုံးသော သီးနှံ အထွက်နှုန်းဆီသို့" ရောက်ရှိရန်မှာ သီးနှံပင်များ၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက ရေအရည်အသွေးနှင့် မြေဆီလွှာ အစိုဓာတ်ကို ထိန်းသိမ်းပေးနိုင်မည့် နည်းပညာရပ်များကို ပေါင်းစပ်၍ စိုက်ပျိုးလုပ်ကိုင်မှသာလျှင် အောင်မြင်မှုရရှိနိုင်မည်**



ကိုယ်တိုင်လက်တွေ့ လွယ်ကူစွာ စမ်းသပ်နိုင်သည့် မြေဆီလွှာအစိုဓာတ်စစ်ဆေးခြင်း နည်းလမ်းအသုံးပြုပုံ။

**မြေဆီလွှာအစိုဓာတ် စစ်ဆေးနည်း**

ထိရောက်သော ရေသုံးစွဲမှုစီမံခန့်ခွဲရေးနည်းပညာများအနက် မြေဆီလွှာ အစိုဓာတ်စစ်ဆေးခြင်းမှာ အခြေခံအကျဆုံးဖြစ်ပြီး မဖြစ်မနေ လုပ်ဆောင်သင့်သည့် နည်းလမ်းဖြစ်ပါသည်။ လက်တွေ့ကျသည့် မြေဆီလွှာအစိုဓာတ် စစ်ဆေးနည်းမှာ သီးနှံပင်အမြစ်ဇုန်မြေအနက် (၆–၁၂) လက်မရှိမြေကြီးကို တူးကာ လက်ဖြင့်ဆုပ်ယူ၍ တင်းတင်းဆုပ်ကြည့် စစ်ဆေးသည့်နည်းဖြစ်ပါသည်။ ထိုသို့စစ်ဆေးရာတွင် မြေကြီးသည် တင်းနေပြီး ပုံသဏ္ဌာန်မပျက်ရှိကာ ရေမထွက်ပါက ရေသွင်းရန် မလိုအပ်သည့် အခြေအနေဖြစ်ပါသည်။

မြေကြီးသည် ချက်ချင်းကွဲသွားပါက ရေသွင်းရန်လိုအပ်သည့်အခြေအနေဖြစ်ပါသည်။ ဆုပ်ထားသည့် မြေကြီးမှ ရေများစိမ့်ထွက်လာမည်ဆိုပါက ရေများနေသည့် အခြေအနေဖြစ်ပါသည်။ ရေသွင်းရမည့် အနေအထားဖြစ်ပါက ရေသွင်းရမည့်အချိန်နှင့် ပမာဏအား သိရှိရန် လိုအပ်ပါသည်။ ရေသွင်းမိုးမိ မဖြစ်စေရန် မိုးရွာနိုင်ခြေ ရှိ/မရှိ ရာသီဥတုကို ကြည့်၍ ရေသွင်းခြင်းကို ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ထို့အပြင် အပူချိန်နှင့်လေတိုက်သည့် အနေအထားပေါ် မူတည်၍ ရေသွင်းအကြိမ်အရေအတွက်ကို ချင့်ချိန်ပြီးသွင်းပေးရမည်ဖြစ်သည်။ နေအပူချိန်ပြင်းသည့်အခါနှင့် လေတိုက်နှုန်းများသည့်အခါတို့တွင် မြေဆီလွှာခြောက်သွေ့ခြင်းမဖြစ်စေရန် ရေကို မကြာခဏသွင်းပေးရမည်။

**အပင်မှရေလိုအပ်သည့်လက္ခဏာ**

အပင် ရေလိုအပ်သည့် လက္ခဏာများအနက် အလွယ်တကူသိမြင်နိုင်သည့် လက္ခဏာများမှာ အရွက်များ ညှိုးကျခြင်း (နံနက်စောစောပိုင်း)၊ အရွက်အရောင်ပြောင်းလဲခြင်း (မွဲခြောက်ခြောက်/နက်မှောင်သည့်အစိမ်းရောင်)၊ အရွက်များ လိပ်သွားခြင်း၊ တွန့်လိမ်ခြင်းစသည်တို့ဖြစ်ရာ အဆိုပါလက္ခဏာများ မပြမီ ရေပေးသွင်းသင့်ပါသည်။

**သီးနှံပင်၏ ရေလိုအပ်ချက်**

စိုက်ပျိုးထားသော သီးနှံပင်များ၏ ကြီးထွားမှုဖြစ်စဉ်တစ်လျှောက် ကျန်းမာသန်စွမ်းပြီး အကောင်းဆုံး အထွက်နှုန်းရရှိစေရန်အတွက် လုံလောက်သည့် ရေပမာဏရရှိရန် လိုအပ်ပါသည်။ အဆိုပါလိုအပ်ချက်ကို ပင်ငွေ့ရေငွေ့ပြန်ခြင်း(Evapotranspiration–ET)ဟု ခေါ်ဆိုပါသည်။ သီးနှံပင်အတွက် လိုအပ်သော ET ပမာဏကို မိုးရေဖြင့် လုံလောက်စွာ မရရှိနိုင်ပါက ဖြည့်စွက်ရေ ပေးသွင်းရန် လိုအပ်ပါသည်။ ET ပမာဏထက် ကျော်လွန်၍ ရေပေးသွင်းခြင်းသည် အပင်အတွက် အကျိုးမရှိသည့်အပြင် ရေအရင်းအမြစ်များကို နည်းမျိုးစုံဖြင့် အချည်းနှီးဆုံးရှုံးစေနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်ခြင်း**

ပင်ငွေ့ရေငွေ့ပြန်ခြင်း (ET) ဆိုသည်မှာ–

(က) **မြေမျက်နှာပြင်မှ ရေငွေ့ပြန်ခြင်း** – နေရောင်ခြည် အပူရှိန်ကြောင့် မြေဆီလွှာမျက်နှာပြင်ပေါ်ရှိ ရေများ အငွေ့ပြန်သွားခြင်း၊

(ခ) **အပင်မှ ပင်ငွေ့ပြန်ခြင်း** – အပင်သည် မြေကြီးအတွင်းရှိ အစိုဓာတ်ကို အမြစ်များဖြင့် စုပ်ယူပြီး အရွက်၏လေရှူပေါက်များမှတစ်ဆင့် လေထုထဲသို့ ရေငွေ့အဖြစ် ပြန်လည်ထုတ်လွှတ်ခြင်း စသည့် ဖြစ်စဉ်နှစ်ခု ပေါင်းစပ်မှုကို ခေါ်ဆိုခြင်းဖြစ်ပါသည်။

**ရေပိုပေးသွင်းခြင်းကြောင့် ဆုံးရှုံးသွားနိုင်သည့် နည်းလမ်းများ**

အပင်လိုအပ်ချက် (ET) ထက် ကျော်လွန်ပြီး ရေသွင်းမိပါက–

(က) **မြေမျက်နှာပြင်အောက်သို့ နက်ရှိုင်းစွာစိမ့်ဝင်ဆုံးရှုံးခြင်း** – အပင်၏ အမြစ်များ မမီနိုင်တော့သည့် မြေအောက်အနက်ပိုင်းသို့ ရေများ စိမ့်ဝင်သွားခြင်းဖြစ်ပြီး ၎င်းနှင့်အတူ မြေဩဇာ (အထူးသဖြင့် နိုက်ထရိုဂျင်)များပါ မျောပါဆုံးရှုံးသွားခြင်း၊

(ခ) **မြေပေါ်မှ စီးဆင်းဆုံးရှုံးခြင်း (Surface Runoff)** – မြေဆီလွှာသည် ရေကို ထပ်မံမစုပ်ယူနိုင်တော့သည့်အခါ ပိုလျှံနေသော ရေများ စိုက်ခင်းအပြင်ဘက်သို့ စီးဆင်း၍ ဆုံးရှုံးသွားခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

**သီးနှံပင်များ၏ အဓိကရေလိုအပ်ချိန်နှင့် လိုအပ်သည့်ရေပမာဏ**

| စဉ် | သီးနှံအမည် | ရေလိုအပ်သည့် ပမာဏ(မီလီမီတာ) | အဓိကရေလိုအပ်ချိန် |
|---|---|---|---|
| ၁။ | စပါး (နွေ) (၁၀၀–၁၂၀ ရက်) | ၇၀၀–၁၂၀၀ | မို့ကပ်ချိန်မှပန်းပွင့်ချိန်ထိ |
| ၂။ | ပြောင်း (၁၁၀–၁၃၅ ရက်) | ၅၀၀–၈၀၀ | ပန်းပွင့်ချိန်နှင့် မြိတ်စာထွက်ချိန် |
| ၃။ | ပဲတီစိမ်း၊ မတ်ပဲ (၇၅–၈၀ ရက်) | ၂၅၀–၅၀၀ | ပန်းပွင့်ချိန်နှင့် သီးတောင့်ဝင်ချိန် |
| ၄။ | မြေပဲ (၁၁၀–၁၂၀ ရက်) | ၃၀၀–၆၀၀ | ပန်းပွင့်ချိန်၊ စွယ်ချပြီးချိန်မှ မြေပဲသီးတောင့် ကြီးထွားချိန်ထိ |
| ၅။ | နှမ်း(၈၀–၈၅ ရက်) | ၃၀၀–၆၀၀ | ခေါင်းလောင်းဆွဲချိန်နှင့် ပွင့်ဖူးစုံချိန် |
| ၆။ | နေကြာ (၈၅–၉၀ ရက်) | ၅၀၀–၆၅၀ | အဖူးဝင်ချိန်၊ ပန်းပွင့်ချိန်နှင့် အစေ့အဆန် တည်ချိန် |
| ၇။ | ကြံ (၃၃၅– ၃၆၀ ရက်) | ၂၀၀၀–၃၀၀၀ | ပင်ပွားထွက်ချိန်၊ ကြံပင်ကြီးထွားချိန် |
| ၈။ | ဝါ (၁၅၀–၁၈၀ ရက်) | ၇၀၀–၉၀၀ | အပိမ့်စဝင်ချိန်၊ ပန်းစပွင့်ချိန်၊ ပန်းဖြိုင်ဖြိုင် ပွင့်ချိန်၊ သီးလုံးဝင်ချိန် |
| ၉။ | ငရုတ် (၁၂၀–၁၅၀ ရက်) | ၆၀၀–၉၀၀ | ပျိုးပင်စိုက်ပြီးစအချိန်၊ ပန်းပွင့်ချိန်မှ အသီးရင့်မှည့်ချိန်ထိ |
| ၁၀။ | ကြက်သွန်နီ (၁၆၀–၁၈၀ ရက်) | ၃၅၀–၅၅၀ | ပျိုးပင်စိုက်ပြီးစအချိန်၊ ဥစတင်ချိန်မှကြီးထွားချိန်ထိ |
| ၁၁။ | ကြက်သွန်ဖြူ (၉၀–၁၅၀ ရက်) | ၃၀၉–၄၂၀ | ပျိုးပင်စိုက်ပြီးစအချိန်၊ ဥစတင်ချိန်မှကြီးထွားချိန်ထိ |
| ၁၂။ | အာလူး (၁၂၀ ရက်) | ၅၀၀–၇၀၀ | မျိုးညှောင့်ထွက်စအချိန်၊ ဥစတင်ချိန်မှ ဥကြီးထွားချိန်ထိ |

စာမျက်နှာ ၁၇ သို့

## နောင်ချိုတွင် ကျေးရွာစိမ့်စမ်းရေသွယ်ယူခြင်းဆောင်ရွက်

**နောင်ချို မေ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျင်းကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း (၁/၄) မိုင်အား ရေတားတမံ တည်ဆောက်ခြင်းနှင့် ရေဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ခရိုင်ဦးစီးမှူး ဒေါ်ဖြူဖြူအောင်နှင့်အဖွဲ့က ယမန်နေ့က နယ်မြေကွင်းဆင်း ကြီးကြပ်ဆောင်ရွက်သည်။ အဆိုပါ ကျေးရွာစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ အရေးပေါ်ရန်ပုံငွေ (Quick Win) အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ငလိုက်ဆည်မှ နွေစပါးနှင့် နွေသီးနှံစိုက်ဧကများအတွက် ဆည်ရေပေးဝေလျက်ရှိ

**နေပြည်တော် မေ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ငလိုက်ရေလှောင်တမံမှ လက်ဝဲ/လက်ယာ တူးမြောင်းမကြီးဖြင့် ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်းရှိ စိစစ်ဧရိယာ ၁၇၀၃၄ ဧကကို မိုးစပါးနှင့်နွေစပါး/နွေသီးနှံများအတွက် နှစ်စဉ် ဆည်ရေပေးဝေလျက်ရှိသည်။



ငလိုက်ဆည်ရေသောက်စနစ်တွင် တူးမြောင်းများမှ ရေအလေအလွင့်နည်းပါးစွာဖြင့် ပေးဝေနိုင်ရန် ဌာနနှင့် တောင်သူများပူးပေါင်းကာ စနစ်တကျစီမံဆောင်ရွက်၍ ပေးဝေခဲ့ရာ မေ ၅ ရက်အထိ နွေစပါး ၅၄၉၅ ဧကနှင့် နွေသီးနှံ ၅၂၅ ဧက စုစုပေါင်း ဧက ၆၀၂၀ ကို စိုက်ပျိုးထားရှိကြောင်း၊ ငလိုက် ရေလှောင်တမံ၏ မေ ၅ ရက် သိုလှောင်ရေပမာဏမှာ ဧက ပေ ၄၆၈၃၀ ဖြစ်သဖြင့် နွေစပါး/ နွေသီးနှံ စိုက်ဧကများအတွက် ဆည်ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ တစ်နှစ်လျှင် နှစ်သီး၊ သုံးသီး သီးထပ်သီးနှံများကို နှစ်စဉ် စိုက်ပျိုးရေပေးဝေလျက်ရှိခြင်းကြောင့် တူးမြောင်းစနစ်များတွင် ရေစီးရေလာကောင်းမွန်စေရန်အတွက် ရှင်းလင်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ရေအသုံးချသူများအဖွဲ့ (WUG) များနှင့် ဌာနဝန်ထမ်းများပူးပေါင်းကာ စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဘုန်းမြတ်**

**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏၊ တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏။**

## မင်္ဂလာဒုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူခြင်းများ ဆောင်ရွက်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID အချက်အလက်များ ကောက်ယူခြင်းများကို ယမန်နေ့က ကုန်းတလပေါင်ကျေးရွာ အုပ်စု ရွာဦးဘုန်းကြီးကျောင်းဓမ္မာရုံ၌ ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာနေရာသို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းများကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအလိုက် မြေပြင်ကွင်းဆင်းစိစစ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖြူဖြူဝင်း(မင်္ဂလာဒုံ)**



*စာမျက်နှာ ၁၆ မှ*

ထို့အပြင် လိုအပ်သည့်ပမာဏထက် ရေပိုရေလျှံခြင်းဖြစ်စဉ်များကြောင့် **မြေဆီလွှာ လေဝင်လေထွက် ပိတ်ဆို့ခြင်း၊ တစ်နည်းအားဖြင့် ရေဝပ်ခြင်း** – ရေများလွန်းသဖြင့် မြေဆီလွှာရှိလေဝင်ပေါက်များ ရေနှင့်ပြည့်သွားကာ အမြစ်များအသက်ရှူမရသောကြောင့် အမြစ်ပုပ်ခြင်းကို ဖြစ်စေပါသည်။

**သီးနှံပင်များ၏ လိုအပ်သော ရေပမာဏ**

သီးနှံပင်များ၏ လိုအပ်သော ရေပမာဏသည် စိုက်ပျိုးချိန်ရှိ မိုးလေဝသအခြေအနေ၊ မြေအမျိုးအစား၊ စိုက်ပျိုးပင်အမျိုးအစား၊ စိုက်ချိန်နှင့် သက်တမ်းပေါ် မူတည်သောကြောင့် မိမိတို့စိုက်ပျိုးမည့် ကာလဒေသရှိ မိုးရေချိန်၊ မိုးရွာရက်တို့အပြင် စိုက်ပျိုးသီးနှံ၏ မျိုး၊ သက်တမ်းနှင့် ကြီးထွားသည့် အဆင့်အလိုက် ရေလိုအပ်ချက်ကို သိရှိရန် လိုအပ်ပါသည်။

အပင်၏လိုအပ်ချက်အရ ရေပေးသွင်းမည်ဆိုပါက ရေကို အကျိုးရှိစွာအသုံးချနိုင်ရန် ရေပေးသွင်းမည့်အချိန် (ဥပမာ နံနက်ခင်း၊ ညနေခင်း)နှင့် ရေသွင်းသည့်နည်းစနစ် (ဥပမာ ရေဖျန်းစနစ်၊ အစက်ချရေသွင်းနည်းစနစ်၊ မြောင်းပေါင်ဖြင့်သွင်းသည့်စနစ်၊ စမတ်ရေသွင်းနည်းစနစ်)တို့ကို သိရှိထားပြီး မှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ အခြေအနေများအပေါ် မူတည်၍ ဖြစ်နိုင်ပါက ရေလိုအပ်သည့်ပမာဏကို မိမိလိုအပ်သည်ထက် ၂ ဆ မှ ၅ ဆအထိ အပိုဆောင်းထားသင့်ပါသည်။ သီးနှံပင်များ ရေလိုအပ်ချိန်တွင် ပေးသွင်းနိုင်ခြင်းမရှိပါက အထွက်နှုန်း (၁၀-၅၀) ရာခိုင်နှုန်းခန့် လျော့ကျနိုင်သကဲ့သို့ သီးနှံပင်မှ ရေလိုအပ်ခြင်းမရှိဘဲ ရေရရှိခြင်း၊ ရေဝပ်ခြင်းများဖြစ်ပါကလည်း အထွက်နှုန်း (၁၀-၅၀) ရာခိုင်နှုန်းခန့် လျော့ကျနိုင်ပါသည်။

**အပင်မှအလွယ်တကူရရှိနိုင်သောရေစွမ်းအား**

အပင်မှ အလွယ်တကူရရှိနိုင်သောရေစွမ်းအားဆိုသည်မှာ မြေဆီလွှာအတွင်း သိုလှောင်ထားသောရေပမာဏထဲမှ အပင်၏အမြစ်များက အမှန်တကယ်စုပ်ယူအသုံးချနိုင်သည့် ရေပမာဏကို ဆိုလိုခြင်းဖြစ်ပါသည်။

**(က) မြေဆီလွှာမှ ရေထိန်းနိုင်စွမ်း**

မိုးရွာသွန်းပြီး သို့မဟုတ် ရေသွင်းပြီး ၁-၂ ရက်အကြာတွင် မြေဆီလွှာအတွင်းရှိ ပိုလျှံသော ရေများ မြေ၏ဆွဲအားကြောင့် အောက်သို့ စိမ့်ဆင်းသွားပြီး ကျန်ရှိနေသည့် အများဆုံးရေပမာဏဖြစ်သည်။ ယင်းသည် အပင်အတွက် ရေအများဆုံးရရှိနိုင်သော အခြေအနေဖြစ်သည်။

**(ခ) ထာဝရပင်ညှိုးမှတ်**

မြေဆီလွှာအတွင်း ရေဓာတ်အလွန်နည်းပါးသွားပြီး ကျန်ရှိနေသော ရေဓာတ်ကို အပင်၏ အမြစ်များက ဆွဲယူနိုင်စွမ်းမရှိတော့သည့် အခြေအနေဖြစ်သည်။ ဤအဆင့်တွင် အပင်သည် စတင်ညှိုးနွမ်းလာပြီး ရေထပ်မံမရရှိပါက သေဆုံးသွားနိုင်ပါသည်။

အပင်မှ ရရှိနိုင်သော ရေပမာဏကို အောက်ပါအတိုင်း သတ်မှတ်ပါသည်။

PAWC = FC – PWP

မြေဆီလွှာ အမျိုးအစားပေါ်မူတည်၍ PAWC ကွဲပြားပါသည်။ **သဲမြေ** – ရေကို ကြာရှည် မထိန်းထားနိုင်သဖြင့် PAWC ပမာဏနည်းပါသည်။ **ရွံ့စေးမြေ** – ရေပမာဏများစွာ ထိန်းထားနိုင်သော်လည်း ရေအချို့မှာ မြေစေးမှုန်များကြားတွင် အလွန်မြဲမြံစွာ ကပ်နေသဖြင့် အပင်က အကုန်အစင် မစုပ်ယူနိုင်ပါ။ **သမမြေ** – ရေကို သင့်တင့်စွာ ထိန်းထားနိုင်ပြီး အပင်ကလည်း အလွယ်တကူပြန်လည်စုပ်ယူနိုင်သဖြင့် PAWC အကောင်းဆုံး ဖြစ်ပါသည်။

**အပင်မှအလွယ်တကူရရှိနိုင်သော ရေစွမ်းအားကို မြှင့်တင်နိုင်သည့် နည်းလမ်းများ**

အပင်မှ အလွယ်တကူရရှိနိုင်သော ရေစွမ်းအားသည် ရေသွင်းရမည့်အချိန်နှင့် ရေပမာဏကို ဆုံးဖြတ်ရန်အတွက် အလွန်အရေးကြီးသော တိုင်းတာချက်တစ်ခုဖြစ်ပါသည်။ စိုက်ပျိုးမြေတွင် အော်ဂဲနစ်ပစ္စည်းကြွယ်ဝလေ၊ အပင်အတွက် ရေရရှိနိုင်မှု ပိုမိုကောင်းမွန်လေဖြစ်ပါသည်။ မြေဆွေးထည့်ခြင်း၊ မြေဖုံးပေးခြင်း၊ မြေဖုံးပင်စိုက်ခြင်း၊ ကွန်တိုအလိုက်စိုက်ခြင်း၊ လေကာပင်များ စိုက်ခြင်း၊ ဇီဝ/ သဘာဝ မြေဩဇာများ ထည့်သွင်းခြင်း၊ သွင်းရေကို စနစ်တကျစီမံခန့်ခွဲခြင်း(Irrigation Management)သည် သီးနှံပင်များ စိုက်ပျိုးထုတ်လုပ်ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပြန်လည်ရရှိနိုင်မည့်ရလဒ်တို့ကို အချိုးကျကျ ထိန်းညှိပေးနိုင်သည့် အဓိကအချက်များပင်ဖြစ်ပါသည်။

ယနေ့ ခေတ်တွင် အသုံးပြုနေကြသည့် ခေတ်မီရေသွင်းနည်းပညာ စီမံခန့်ခွဲခြင်းများဖြစ်သော Soil Moisture Sensors (မြေဆီလွှာစိုထိုင်းဆတိုင်းကိရိယာများ) သို့မဟုတ် Weather-based Data (မိုးလေဝသအချက်အလက်များ)ကို အသုံးပြု၍ ရေသွင်းချိန်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်သွားမည်ဆိုပါက သီးနှံအထွက်နှုန်းနှင့် သီးနှံ၏အရည်အသွေး တိုးတက်လာခြင်း၊ မြေဆီလွှာကျန်းမာရေးကို ထိန်းသိမ်းပေးနိုင်ခြင်း၊ အာဟာရဓာတ် ဆုံးရှုံးမှု လျော့နည်းစေခြင်း၊ မြေဆီလွှာဆားပေါက်မှုကို ထိန်းချုပ်ပေးနိုင်ခြင်းနှင့် ကုန်ကျစရိတ်၊ အဖိုးတန်ရေအရင်းအမြစ် သယံဇာတများ အလေအလွင့်ဖြစ်မှု လျော့နည်းသက်သာစေခြင်းနှင့် စိုထိုင်းဆအလွန်အကျွံ များပြားခြင်းကြောင့် ပိုးမွှားရောဂါ ကျရောက်မှုကို ထိန်းချုပ်နိုင်ခြင်း အစရှိသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

**မြေဖုံးခြင်း** – မြေဆီလွှာမျက်နှာပြင်မှ ရေငွေ့ပြန်ခြင်းကို လျော့နည်းစေပါသည်။

**မြေဆီလွှာအတွင်း အော်ဂဲနစ်ပစ္စည်း ဖြည့်တင်းခြင်း** – သစ်ဆွေးမြေ သို့မဟုတ် သဘာဝမြေဩဇာများ ထည့်သွင်းပေးခြင်းဖြင့် မြေဆီလွှာ၏ ရေထိန်းစွမ်းအားကို တိုးတက်စေပါသည်။

**ရေစီမံခန့်ခွဲမှု ကောင်းမွန်ရန် အဘယ်ကြောင့် အရေးကြီးသနည်း**

ဂေဟစနစ်ကို မထိခိုက်စေဘဲ ရေအရင်းအမြစ်ကို စနစ်တကျစီမံခန့်ခွဲသည့် အလေ့အထကောင်းများ ရရှိစေရန်အတွက် တောင်သူများအနေဖြင့် မိမိတို့၏ စိုက်ခင်းအတွင်း ရေကို အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိ အသုံးပြုနိုင်ရေးကို ကိုယ်တိုင်ဆုံးဖြတ်ကြိုးကြပ် လုပ်ဆောင်ရမည်ဖြစ်သည်။ ရေစီမံခန့်ခွဲမှုကောင်းစေရန် အောက်ပါရေစီမံခန့်ခွဲသည့် အလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်သင့်ပါသည်။

**(က) မြေဆီလွှာနှင့်ရေထိန်းသိမ်းခြင်း**

မြေဆီလွှာနှင့် ရေထိန်းသိမ်းခြင်းသည် စိုက်ပျိုးမြေ၏ အကျိုးဖြစ်ထွန်းမှုစွမ်းရည်ကို ထိန်းသိမ်းရန်နှင့် ထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း ဥပမာ – ကွန်တိုကန်သင်းများ (မြေသား/ ကျောက်စီ)၊ နုန်းတားကန်သင်းပြုလုပ်ခြင်း၊ မိရိုးဖလာနုန်းတားဆည်ပြုပြင်ခြင်း၊ ကွန်တိုအလိုက် မြောင်းဖောက်ခြင်း၊ ရေစုကန်တူးခြင်း၊ ကျင်းတူး၍ အပင်စိုက်ခြင်းများ စသည်တို့ကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။

ဇီဝဂုဏ်သတ္တိကို ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ခြင်းများဖြစ်သော ကွန်တိုကန်သင်းစည်းရိုးပင် စိုက်ခြင်း၊ လေကာပင်စိုက်ခြင်း၊ သဘာဝရေထုတ်လမ်းတစ်လျှောက် တိုက်စားမှုမရှိစေရန် မြက်များစိုက်ပျိုး၍ အမြဲဖုံးအုပ်ထားခြင်း၊ သစ်တောများပြန်လည်စိုက်ပျိုးခြင်းနှင့် သီးနှံများကိုအကန့်လိုက်စိုက်ခြင်း၊ သီးရော/သီးညှပ်စိုက်ခြင်း၊ တစ်ခါတစ်ရံ မြေလှပ်ထားခြင်း၊ မြေဖုံးခြင်း၊ ကွန်တိုအလိုက်စိုက်ခြင်းနှင့် သီးနှံသစ်တောရောနှောစိုက်ခြင်း စသည်တို့လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ၎င်းအပြင် မိုးရွာသွန်းမှု လျော့နည်းလျှင် မြေတွင်းသို့ ရေစိမ့်ဝင်အားကောင်းစေရန်နှင့် ရေထိန်းစွမ်းအားကောင်းမွန်စေရန် မြေဆွေး၊ စက်ဖွဲပြာ၊ ဇီဝမီးသွေးများ ထည့်သွင်းခြင်း၊ ရေထိန်းပေါင်များပြုလုပ်ခြင်း၊ ရေငတ်ဒဏ်ခံနိုင်သော သီးနှံများကို သင့်တော်သော စီမံခန့်ခွဲမှုနည်းလမ်းများဖြစ်သည့် သီးလှည့်စိုက်ခြင်း၊ အပင်များကျဲကျဲစိုက်ခြင်း စသည်တို့ လုပ်ဆောင်ရမည်ဖြစ်ပါသည်။

အကယ်၍ မိုးရွာသွန်းမှု ညီမျှလျှင် မြေဆီလွှာအတွင်း ရေထိန်းစွမ်းအားကောင်းအောင် စီမံဆောင်ရွက်ပြီး ရွာချသည့်မိုးရေကို မြေအောက်ရေအစားထိုးရန်၊ ရေကြီးမှုအန္တရာယ်ကို လျှော့ချရန်၊ ရေပြတ်လပ်မှုများကို လျှော့ချရန်နှင့် မြေဆီလွှာအတွင်း ဆားစုဆောင်းခြင်းကို လျှော့ချနိုင်ရန်တို့အတွက် စုဆောင်းထိန်းသိမ်းခြင်းများ လုပ်ဆောင်ရပါမည်။ မိုးရေရရှိမှုပိုလျှံလျှင် ရေတိုက်စားခြင်းကို လျှော့ချနိုင်ရန်အတွက် ရေပိုရေလျှံများကို ထုတ်ပစ်ခြင်းနှင့် နောင်အသုံးပြုရန်အတွက် သိုလှောင်ခြင်းများကို စနစ်တကျဆောင်ရွက်ရပါမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## တနိုင်းမြို့နယ်၌ ရက် (၁၀၀)စီမံချက်ဖြင့် ပြည်သူများအား နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



**တနိုင်း မေ ၈**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၆ ရက်က ကင်ဆားရာကောင်းရပ်ကွက်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြည်သူများအား တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မနောမြေ(တနိုင်း)**

## ပွင့်ဖြူမြို့နယ်၌ ကျေးရွာမြေငှားဂရန်ချထားပေးနိုင်ရေး ဆောင်ရွက်



**ပွင့်ဖြူ မေ ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန် ချထားပေးနိုင်ရေးအတွက် မေ ၅ ရက်က ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် တာဝန်ရှိသူများက ရှမ်းတောကျေးရွာရှိ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံကာ ရက် (၁၀၀) စီမံချက် ကာလ အတွင်း ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး လုပ်ငန်းများနှင့် ကျေးရွာ မြေငှားဂရန် ထုတ်ပေးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ရှမ်းတောကျေးရွာ၌ ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် နေအိမ်များ လမ်းနယ်နိမိတ်နှင့် လွတ်ကင်းမှု ရှိ/မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## နွားထိုးကြီးမြို့နယ်၌ စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ



**နွားထိုးကြီး မေ ၈**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၆ ရက်က ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာတို့အား စီမံကိန်းလုပ်ငန်းတာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင့်လွင်ဦး**

## ထားဝယ်မြို့၌ သဘာဝနှင့် ဓာတုပိုးသတ်ဆေး ဖျော်စပ်သုံးစွဲခြင်း နည်းပညာဖြန့်ဝေ



**ထားဝယ် မေ ၈**

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝပိုးသတ်ဆေးဖျော်စပ်ခြင်းနှင့် ဓာတုပိုးသတ်ဆေးဖျော်စပ်သုံးစွဲခြင်း နည်းပညာပေးသင်တန်းကို ယမန်နေ့က ထားဝယ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်အေးသန္တာစိုးက ဒေသရေမြေနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများကို လိုက်နာကျင့်သုံးဆောင်ရွက်စေရေးနှင့် ဓာတ်မြေဩဇာလျှော့ချသုံးစွဲရေးနည်းလမ်းများ၊ သဘာဝပိုးသတ်ဆေး ဖျော်စပ်သုံးစွဲပုံနှင့် ဓာတုဆေး စနစ်တကျသုံးစွဲပုံနည်းစနစ်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

## ဝေါမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်



**ဝေါ မေ ၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် UID ကတ်များ ထုတ်ပေးခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ယမန်နေ့တွင် မြို့ပေါ်ရပ်ကွက်အတွင်းရှိ အသက်(၁၀)နှစ်အထက် ပြည်သူ ၁၅၀ ကျော်အား ပြုလုပ်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်ထိုက်နှင့် ပူးပေါင်းအဖွဲ့များက အမှတ် (၁) ရပ်ကွက်ရှိ ဆီဘော၌ မေ ၇ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)



(၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၇ ရက်က ကျင်းပစဉ်။ အောင်ဇင်မြင့်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများက ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်က အမှတ်(၁၁) ရပ်ကွက် စံပယ်ခြံမိသားစုမဏ္ဍာရုံ၌ ကွင်းဆင်းဆောင်ရွက်စဉ်။ ဇော်ဇော်နိုင်(ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်ထိုမြို့ပေါ်ရှိ ရေအခက်အခဲဖြစ်သည့် ပြည်သူများအား မေ ၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးရဲညွန့်ထွေး၊ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ တောင်ပိုင်းရပ်ကွက်၌ ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ လှူဒါန်းပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြောင်းမြမြို့၌ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်



**မြောင်းမြ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ပညာရတနာခန်းမ၌ ယမန်နေ့က အစိုးရသစ် ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်ပွဲ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမန်းသိန်းကျော်က အမှာစကားပြောကြားပြီးတာဝန်ရှိသူများက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ပေးအပ်ခဲ့သည်။

ထို့နောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**

## လောင်းလုံးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ဆောင်ရွက်ပေး

**လောင်းလုံး မေ ၈**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ယမန်နေ့က ထားဝယ်မြို့နယ် (တွဲ) လောင်းလုံးမြို့နယ် ဦးစီးမှူးရုံး၌ ပြည်သူများအား ဆောင်ရွက်ပေးလျက်ရှိရာ အသက် (၁၀) နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်အသစ် ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့်နှင့် ဟောင်းနွမ်းပျက်စီးခြင်းများကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေး ကတ်များနှင့် UID ကတ်များကို ပြည်သူ ၄၄ ဦးတို့အား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

**သိန်းသိန်း(လောင်းလုံး)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်စိုက်ပျိုး



**မော်လမြိုင်ကျွန်း မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲကို မေ ၅ ရက်က မယ်တလိုင်း ကျေးရွာ တောင်သူ ဦးအောင်ဇော်မိုး၏ လယ်မြေသုံးကေ၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံ ပေးအပ်ခဲ့ပြီး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## ရပ်စောက်မြို့၌ ပဲပုပ် ၁၄ မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှု ကွင်းသရုပ်ပြ

**ရပ်စောက် မေ ၈**

စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ညောင်သုံးပင်ခြံ၌ ပဲပုပ် မျိုး ၁၄ မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှု တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ကျင်းပရာ တာဝန်ရှိ



သူများက မျိုးအလိုက် ယှဉ်ပြိုင်ထားရှိမှု၊ ဘက်စုံကာကွယ်နှိမ်နင်းနည်းစနစ်၊ ပိုးသတ်ဆေးစနစ်တကျကိုင်တွယ် သုံးစွဲနည်းများ၊ ပဲပုပ်မျိုး ၁၄ မျိုး ယှဉ်ပြိုင်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၅၈ ဦး တက်ရောက်ခဲ့ပြီး တောင်သူများအား လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ပိုးသတ်ဆေးဖျန်း ကာကွယ်ဝတ်စုံများ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## တပ်ကုန်းမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါ အကြိုစစ်ဆေး

**တပ်ကုန်း မေ ၈**

နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက နေပြည်တော် တပ်ကုန်းမြို့နယ် ခုတင်(၁၀၀)ပြည်သူ့ဆေးရုံတွင် ရက်(၁၀၀) စီမံချက်ဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါ အကြိုစစ်ဆေးခြင်းကို ယမန်နေ့က အဆိုပါဆေးရုံ၌ဆောင်ရွက်ရာ အထူးကုဆရာဝန် (သားဖွားမီးယပ်)နှင့် ကျန်းမာရေးဆရာမများက အပတ်စဉ် ကြာသပတေးနေ့နှင့် သောကြာနေ့တွင် အသက် ၃၀ မှ ၄၉ နှစ်ရှိ အမျိုးသမီး ၅၀၀ အား သတ်မှတ်ကာလအတွင်း စစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**



## ဘီးလင်းမြို့နယ် ရောင်နီဦး လယ် / ထွေသမ အသင်းသား တောင်သူများ၏ နွေစပါးရိတ်သိမ်း

**ဘီးလင်း မေ ၈**

ဘီးလင်းမြို့နယ် မရမ်းကုန်းကျေးရွာ ရောင်နီဦး လယ်/ထွေ သမဝါယမ အသင်းလီမိတက်၏ အသင်းသားတောင်သူများ စိုက်ပျိုးထားသည့် ဂျပန်ရွှေဝါထွန်း၊ ဆင်းသုခ ရက်(၉၀) နွေစပါးရိတ်သိမ်းနေမှုကို မေ ၇ ရက်က မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းမင်းထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။ **မြို့နယ်(ပြန်/ဆက်)**

## စားအုန်းဆီရည်ညွှန်းဈေးအတိုင်း ရောင်းချနေမှုစစ်ဆေး

**ဓနုဖြူ မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်အတွင်း ပြည်သူ့အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် မြို့နယ်စားအုန်းဆီ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က မေ ၅ ရက်တွင် ရိုးကြီးကျေးရွာ၌ ပြည်သူများသို့ ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လက်ကားဆီကိုယ်စားလှယ်များအနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချစေရေး ကြပ်မတ်ဆောင်ရွက်ခဲ့သည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော် အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်တုန်းမြို့နယ်၊ ကွင်းကလေးကျေးရွာနေ ဦးအေးသိန်း၏ သမီးဖြစ်သူ ဒေါ်မိုးမိုး(ခ)ဒေါ်တင်တင်မိုး ၁၄/ညတန(နိုင်)၁၁၉၉၀၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မိုးမိုး(ခ)ဒေါ်တင်တင်မိုး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/8152 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကျန်းမာရေးဝန်ကြီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ ပခုက္ကူမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်အတွက် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓါတ်ခွဲခန်းသုံးဆေးနှင့်ဆေးပစ္စည်းများ၊ ဓါတ်မှန် ဖလင်နှင့် ဆေးရည်များ၊ Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်ရက်** - (၁၁-၅-၂၀၂၆)ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၁၀-၆-၂၀၂၆)ရက် ညနေ(၄)နာရီ

၄။ တင်ဒါလျှောက်လွှာများကို ဆေးရုံအုပ်ကြီးရုံး၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် ထုတ်ယူနိုင်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါ လိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ အထွေထွေရောဂါကုဆေးရုံကြီး၊ ပခုက္ကူမြို့၊**
**ဖုန်း-၀၆၂-၂၀၂၁၀၉၆/၂၀၂၁၁၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ဦးလှထွန်းလွင်လမ်း၊ အကွက်အမှတ် (၂၂၊ သိမ်ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၁/ဃ)၊ ဦးလှထွန်းလွင် အမည်ပေါက် ဧရိယာ (၀.၀၆၀)ဧက အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်ကြသော (၁) ဦးကျော်ကျော်မိုး၊ (၂) ဒေါ်ထားထားလှိုင်၊ (၃) ဒေါ်တိုးတိုးလှိုင်တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမျိုးမင်း (၉/ကပတ(နိုင်)၁၈၆၈၉၁) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇာနည် (LLB, DBL, DIPL)** **(စဉ်- ၁၄၆၆၈)**
**ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင် (LLB,DIPL)** **( စဉ် - ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၅) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ဆွေဆွေဝင်း (PGU-၀၇၂၉၃၀)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မြနှင်းဝေ (၇/ဖမန(နိုင်)၁၁၀၁၈၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉- ၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၉ (အေ)၊ မြေကွက်အမှတ် - ၁၃၇၊ အကျယ်အဝန်း (အလျား ပေ ၄၀ x အနံ ပေ၆၀ ) ရှိ နှစ် (၆၀) ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရ သေးသော အကျယ်အဝန်း (အလျား ပေ ၂၀ x အနံ ပေ ၆၀ ) (မြေကွက်အမှတ် - ၁၃၉ နှင့် ကပ်လျက်ခြမ်း) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၃၇)၊ သစ္စာလမ်း၊ ၃၉ (အေ) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ဟု ခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးဝင်း (၁၂/လသန (နိုင်) ၀၀၄၅၅၇) ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့်အိမ်အား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တိုးတိုးကျော် (စဉ် - ၈၃၈၇) LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ Phone : 09-5107042**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အရှေ့) ရပ်ကွက်၊ မလ္လကုန်းလမ်း၊ အမှတ်(၈၀)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ၃-လွှာ(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း (၁၅ပေxပေ ၆၀)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင် ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ယုယုဝင်း (၁၁/စတန(နိုင်) ၀၀၀၃၄၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရွှေဘသန်း (၁၁/စတန(နိုင်) ၀၆၅၀၈၆)က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၅-ရပ်ကွက်၊ ဖားရွှေကျော်လမ်း၊ မြေကွက်အမှတ်(၃၁၅)၊ ပေ(၄၀x၆၀)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်၏ တရားဝင်ခွဲစိတ် ထားရသေးခြင်းမရှိသော ခေါင်းရင်းခြမ်း၊ အမှတ်(၃၁၆) နှင့်ကပ်လျက်ရှိသော ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်သိန်း (၁၂/ကမတ(နိုင်)၀၄၃၀၈၄)၊ AA-082791 မှ ဥပဒေနှင့်အညီ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးသူရိန်ထွန်း (၁၂/သလန (နိုင်) ၀၉၈၂၆၄)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာ ပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မေလှိုင် (စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁) LL.B, D.B.L, Dip in English**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**Ph-09-5083805, 09-799618472**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ မြို့/မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နိုင်လွန်ကတ္တရာလမ်း (၄၁)လမ်း၊ ကတ္တရာလမ်း(၆)လမ်း၊ ကွန်ကရစ်လမ်း(၉)လမ်း၊ ကျောက်ချောလမ်း(၃)လမ်း၊ ကွန်ကရစ်တံတား(၃)စင်း၊ ကျောက်စီရေမြောင်း(၁)ခု၊ အဆောက်အအုံ(၁၃)ခု၊ အခြား(၉)ခု၊ ရေပေးရေး(၁)ခု ဆောင်ရွက်ရန်နှင့် ကတ္တရာ၊ ဘိလပ်မြေ၊ အမှိုက်ပုံးစသည့် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **လျှောက်လွှာရောင်းချမည့်ရက်** | - | (၁၁-၅-၂၀၂၆)ရက်မှ (၉-၆-၂၀၂၆)ရက်ထိ (ရုံးချိန်အတွင်း) |
| (ခ) | **PO တင်သွင်းရမည့်ရက်** | - | (၉-၆-၂၀၂၆)ရက် (ရုံးချိန်အတွင်း) |
| (ဂ) | **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | - | (၁၅-၆-၂၀၂၆)ရက် |
| (ဃ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ မုံရွာမြို့ |

၂။ တင်ဒါလျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ မုံရွာမြို့ တယ်လီဖုန်းနံပါတ် ၀၇၁-၂၀၂၃၁၅၊ ၀၇၁-၂၀၂၂၂၄၈၊ ၀၇၁-၂၀၂၂၈၈၆ နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## မိခင်အမည်မှန်

ရေဖြူမြို့၊ (ခ)ရပ်ကွက်နေ အထက ရေဖြူ Grade-5 ကျောင်းသူ မနန်းယုဆွေ၏ မိခင်အမည်မှန်မှာ နိုင်ငံသား စိစစ်ရေးကတ်ပြားအရ ဒေါ်စမ်းစမ်းဖြိုး ၆/ရဖန(နိုင်)၀၆၂၀၃၃ ဖြစ်ပါကြောင်း။

**ဒေါ်စမ်းစမ်းဖြိုး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်အုပ်စု၊ မိုးဒါးစုရပ်ကွက်၊ အိမ်အမှတ် မဒစ-၂၁(ခ)နေ ဒေါ်ခင်မမ (ဘ)ဦးမြင့်ဆန်း ၁/မညန(နိုင်)၁၄၀၀၁၃၏ နိုင်ငံကူးလက်မှတ် MH 352421 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၉၅၂၂၀၉၅**

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ရတနာပုံရပ်ကွက်၊ သာစည်လမ်းနှင့် (၂)လမ်းထောင့်တွင် တည်ရှိသော ကွင်း/ အကွက်အမှတ်နှင့်အမည်- (၄၂၊ မြသီတာ)၊ ဦးပိုင်အမှတ်- (၄၉-က)၊ ဧရိယာ( ၀.၀၄၈ )ဧက အကျယ်အဝန်းရှိဝင်းမြေမှာ ဦးချမ်းပြည့်ကျော်၊ ဦးမျိုးပြည့်ကျော်တို့ ဂရန်အမည်ပေါက် ဝင်းမြေဖြစ်ပြီး ၎င်းတို့နှစ်ဦး ပိုင်ဆိုင်သောဝင်းမြေဖြစ်ပါသည်။ အဆိုပါဝင်းမြေအား ဦးချမ်းပြည့်ကျော်၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ၎င်းဝင်းမြေအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း စသည်တို့မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးချမ်းပြည့်ကျော် (ဘ) ဦးကျော်ရှိန်**
**၅/မရန(နိုင်)၁၈၀၆၇၁**
**ရတနာပုံရပ်၊ မုံရွာမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းဆုဝေဝင်း LL.B(Advocate)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၈၉၈/၂၀၁၄)**
**ဒေါနခြံရပ်၊ မုံရွာမြို့**

## အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အိမ်အမှတ်(၆၆)၊ အတီးစုလမ်းနေ ၁၄/ပသန(နိုင်)၀၂၀၇၄၁ ဦးနေမျိုးအောင်(ခ)ငွေးဝင်း(ဘ)ဦးကျင်ဆန်း၏လွှဲအပ်ချက်အရ-

ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၄၂-ခနိတန်းအကွက်၊ ဦးပိုင်အမှတ် -၆၂ တွင်တည်ရှိသော(၀.၀၆၄)ဧကရှိ မဟာဗန္ဓုလ လမ်းမကြီးပေါ်မှ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ၂ထပ်အိမ်မှာ ဦးနေမျိုးအောင်(ခ) ငွေးဝင်းမှလက်ရှိထားပိုင်ဆိုင်ပါ၍ အဆိုပါမြေနှင့်အိမ်၏ တစ်စိတ်တစ်ဒေသ(သို့)အားလုံးကို ၎င်း၏ခွင့်ပြုချက်မရှိဘဲ မည်သူကမျှ ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း ကိစ္စများ လုံးဝ မပြုလုပ်ကြပါရန်၊ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစည်သူသိန်း** | **ဒေါ်ခိုင်နှင်းသဇင်** |
| **(အထက်တန်းရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |
| **စဉ်-၅၃၃၄၉** | **စဉ်-၅၁၉၃၆** |

**အိမ်အမှတ်(၃၃၄)၊ (၂)ရပ်ကွက်၊ ယိုးဒယားကုန်းရပ်၊ ပုသိမ်မြို့၊**
**ဖုန်း-၀၉-၉၆၄၄၈၂၇၀၃၊ ၀၉-၄၂၄၈၂၇၀၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ ငွေသော်တာလမ်းနေ (ဘ) ဦးဇော်ဇော်လွင် ၁၂/မဘန (နိုင်) ၀၈၁၅၆၈ (မိ) ဒေါ်ခိုင်ဇာလင်း ၁၄/ငဆန (နိုင်) ၀၀၁၆၁၄ တို့၏သားကြီးဖြစ်သူ မောင်လွင်ကိုဦး ၁၄/ငဆန (နိုင်) ၀၁၄၃၂၀ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ (၆-၅-၂၀၂၅)ရက်တွင် မိမိ၏သဘောဆန္ဒအရ အိမ်ပေါ်မှ ဆင်းသွား ပါသောကြောင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ လုံးဝတာဝန်မယူနိုင်ကြောင်း သိစေအပ်ပါသည်။

**ဦးဇော်ဇော်လွင်-ဒေါ်ခိုင်ဇာလင်း**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ အကြီးစားပြုပြင် မွမ်းမံရန်အတွက် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား ၂၀၂၆ ခုနှစ်၊ မေလ (၂၂) ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရန် ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | ဘက်စုံသုံးခန်းမအား ဘွဲ့နှင်းသဘင်ခန်းမအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း (၂၁၈၄၀ စ/ပေ၊ အမြင့် ၂၇ပေ) (မြို့ပြ၊ ရေနှင့် မီးလုပ်ငန်းများဆောင်ရွက်ခြင်း) | လုပ်ငန်း ၁ ခု |
| (ခ) | ဘွဲ့နှင်းသဘင်ခန်းမ အဆင့်မြှင့်တင်ခြင်း အပိုင်း(၂) -Stage ခုံတိုးချဲ့ခြင်း နှင့် LED Screen တပ်ဆင်ခြင်း | လုပ်ငန်း ၁ ခု |
| (ဂ) | အဆင့်မြှင့်တင်မည့် ဘွဲ့နှင်းသဘင်ခန်းမ (၂၁၈၄၀ စ/ပေ) အမြင့် (၂၇)ပေ အတွင်း မျက်နှာကြက်အမြင့် (၂၂)ပေ (၄)လက်မ Solar စနစ် တပ်ဆင်ခြင်း | လုပ်ငန်း ၁ ခု |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မွေးမြူ ရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ငွေစာရင်းဌာန၊ ၀၆၇-၃၄၁၆၆၅၈ တွင် (၈-၅-၂၀၂၆) ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းအမှတ် ၀၆၇-၃၄၁၆၅၃၀၊ ၀၆၇-၃၄၁၆၆၅၈၊ ၀၆၇-၃၄၁၆၅၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**

## မိခင်အမည်မှန်

ရေဖြူမြို့၊ (ခ)ရပ်ကွက်နေ အထက ရေဖြူ Grade-4 ကျောင်းသူ မပေရယ်စိုး၏ မိခင်အမည်မှန်မှာ နိုင်ငံသား စိစစ်ရေးကတ်ပြားအရ ဒေါ်ဝေဝေမွန် ၆/လလန(နိုင်)၁၁၇၈၀၃ ဖြစ်ပါကြောင်း။

**ဒေါ်ဝေဝေမွန်**

## ဖခင်အမည်မှန်နှင့် မိခင်အမည်မှန်

တောင်ငူမြို့နယ်၊ အနောက်ဆင်ကျေးရွာအုပ်စု၊ ဆင်ရွာကျေးရွာနေ အလက (အနောက်ဆင်) Grade-7 မှ မောင်အောင်စစ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးခိုင်လင်းမောင် (၇/တငန (နိုင်) ၁၅၂၉၂၈)နှင့် မိခင်အမည်မှန်မှာ ဒေါ်နှင်းအိလှိုင် (၇/တငန(နိုင်)၁၅၃၀၈၅) ဖြစ်ပါကြောင်း။

**ဦးခိုင်လင်းမောင်နှင့် ဒေါ်နှင်းအိလှိုင်**

## ပျောက်ဆုံးကြောင်း

ပျဉ်းမနားမြို့၊ မြို့ဦးရပ်၊ အမှတ် ၆/၆၈နေ (ဘ)ဦးတင်အုန်း၏သမီး မခိုင်ခိုင်လင်း ၉/ပမန(နိုင်)၁၄၄၄၃၇၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက် ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၅၃၂၂၃၂၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၅-၂၀၂၆ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၈) ပါ ဒေါ်မို့မို့ကြည် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၄၉)၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် လ/၄၆၁၊ လ/၄၆၂ အစား လ/၆၄၁၊ လ/၆၄၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ဦးနိုင်ဝင်းသိန်း ၁၂/ဒဂတ(နိုင်) ၀၂၆၇၁၀ သဘော်သားမှတ်ပုံတင်အမှတ် (၆၄၄၆၄) ကိုင်ဆောင်သော (RESULT SHEET) စာရွက်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၇၆၃၉၆၆**

## ဖခင်အမည်မှန်

ပူတာအိုမြို့ အလက (မြို့မ) ကျောင်း Grade-7 မှ မောင်ရှိုင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမလောင်ခန်ဆားရဲ ၁/ပတအ (နိုင်) ၀၂၇၀၃၈ ဖြစ်ပါသည်။

## အမည်မှန်

ပဲခူးမြို့၊ ဆည်မြောင်လမ်းနေ (ဘ) ဦးထွန်းထွန်းဝင်း ၇/ပခန(နိုင်) ၂၈၀၁၆၁ ၏သမီး အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ပဲခူး)မှ Grade-10 စာမေးပွဲဖြေဆိုထားသူ မနွယ်တင်ဖြိုး ၏ အမည်မှန်မှာ မနွယ်ဇင်ဖြိုး ဖြစ်ပါကြောင်း။

**မနွယ်ဇင်ဖြိုး**

## ဖခင်အမည်မှန်

တန့်ယန်းမြို့၊ အမှတ် (၂)၊ အခြေခံပညာထက်တန်းကျောင်း၊ Grade-5 တန်းမှ မနှင်းအိအိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းဆန်း ၉/နထက(နိုင်) ၁၄၉၉၄၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ အင်းလျှက်ကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမည်-အင်းလျှက်ကွင်း၊ ကွင်းအမှတ် (၅၇၆[ခ])၊ ဦးပိုင်အမှတ် (၈၈/၁)၊ မြေအမျိုးအစား (G)၊ မြေဧရိယာ (၁.၈၅)ဧကရှိ ဦးဟရန်ကျင်ထန် အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိသည့် မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (ရောင်းသူမှ သတ်မှတ်ခွဲစိတ်ပေးထားသည့်)မြေကွက်အမှတ် (C-5)၊ အကျယ်အဝန်း ပေ (၄၀x၆၀)ရှိမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဝင်းကို (၁၂/မဘန(နိုင်)၁၃၂၈၂၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောမင်းဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ငြိမ်းဆွေ (LL.B) (စဉ်-၁၁၄၄၅/၂၀၁၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄၀၅)၊ (၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၂၉၃၇၊ ၀၉-၈၈၂၂၂၂၀၈၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းသစ်စက်ပစ္စည်း၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းဝယ်သည့် ကုမ္ပဏီများနှင့်လုပ်ငန်းဆောင်ရွက်သူများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းစာရင်း အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ လည်းကောင်း၊ အော်တိုတယ်လီဖုန်း ၀၆၇-၃၄၁၁၂၃၃၊ ၀၆၇-၃၄၁၁၆၀၅ တို့သို့ ဆက်သွယ်၍ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့် ရက်/အချိန်** - ၁၁-၅-၂၀၂၆ရက်၊ နံနက် (၉:၃၀) နာရီ

၄။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉ - ၅ -၂၀၂၆ရက်၊ ညနေ (၁၆:၃၀) နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၈)၊ ဥဿာမြို့သစ်၊ မြေကွက်အမှတ်(၃၅၃)၊ မြေချိန်ဧရိယာ(၀.၁၂၀)ကေရှိမြေအား ဒေါ်အိအိထွန်း မှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၃)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၀)၊ ဥဿာမြို့သစ်၊ မြေကွက်အမှတ်(၈၇)၊ မြေချိန်ဧရိယာ(၀.၄၁၃)ကေရှိမြေအား ဦးမျိုးဇော် မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈သယ/၄၉၁၆၆, Kenbo -110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၉/မထလ(နိုင်)၀၁၁၆၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၄-၂၀၂၆ ရက်နေ့ထုတ် ဤသတင်းစာပါ ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်းတွင် ယာဉ်အမှတ် 7A/8638 အစား 7A/3638 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကွမ်းခြံကုန်းမြို့နယ်၊ တိုက်ကြီးကျေးရွာအုပ်စု၊ ဆင်ဒိုးကျေးရွာနေ ဦးမန်းတင်၏သား၊ စဒေါင်းသူရိန် ၁၂/ကခက(နိုင်)၀၆၁၃၃၂၏ နိုင်ငံကူးလက်မှတ် M287421 သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၀၄၃၂၂၉

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

လယ်ဝေးမြို့နယ်၊ သာဝတ္ထိအုပ်စု၊ အင်းသာကျေးရွာနေ ဦးဝင်းမင်းထွန်း ၉/လဝန(နိုင်)၂၆၉၇၁၇ နှင့် ချောက်မြို့၊ အမှတ်(၁၄)၊ ပျဉ်းမကုန်းနေ ဒေါ်နွေးနွေးယု(၈/ခမန(နိုင်)၁၇၉၀၄၂ တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၆-၅-၂၀၂၆)ရက်တွင် နှစ်ဖက်လူကြီးများကို အသိသက်သေထားရှိကာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲပြီးသည့် အချိန်မှစ၍ ဦးဝင်းမင်းထွန်းနှင့် ဒေါ်နွေးနွေးယုတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက် ဆက်နွယ်မှု အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမင်းထွန်း နှင့် ဒေါ်နွေးနွေးယု တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝေယံနေဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၆၀၃)**
**သာဝတ္ထိ၊ လယ်ဝေးမြို့နယ်။ ဖုန်း-၀၉-၄၂၈၁၂၁၁၇၀**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 13W/19227 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 84W/47557 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (အခြား) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Reference Book များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း အသုံးစရိတ် (အခြား) ခွင့်ပြုရန်ပုံငွေဖြင့် Reference Book များ ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ် (၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန (ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၈-၅-၂၀၂၆) ရက်မှ (၂၂-၅-၂၀၂၆) ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၂၂-၅-၂၀၂၆) ရက် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၄)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၄)၊ ဥဿာမြို့သစ်၊ မြေကွက်အမှတ်(၄၃၇+၄၃၈)၊ မြေချိန်ဧရိယာ(၀.၂၀၁)ကေရှိမြေအား ဦးလှဌေး(ဒေါ်တင်မာဝေ ကွယ်လွန်၏ခင်ပွန်း)မှ အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ သွန်းဘုရားရပ်ကွက်၊ ကွင်းအမှတ်(၈)၊ သွန်းဘုရားကြီးရပ်၊ ဦးပိုင်အမှတ်(၈၈)၊ မြေချိန်ဧရိယာ(၀.၀၃၉)ကေရှိမြေအား ဦးသီဟအောင် မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ် (ခ/၄၈၄)၊ အကွက်အမှတ် (၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀.၀၅၃)ကေအကျယ်ရှိ ဦးခင်မောင်ကြူ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ဖြင့် ပိုင်ဆိုင်ထားသူ ဒေါ်တင်ရီ (၉/ကဆန(နိုင်)၀၄၆၁၇၇) (၎င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးအောင်သူမြင့်(၁၂/ပဇတ(နိုင်)၀၀၀၅၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးသက်(၈/ခမန(နိုင်)၁၃၄၉၆၉)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုဆိုင်ရာ တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သီတာမြင့်အောင် (LL.B., DBL) (စဉ်- ၂၀၀၇၈)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉ -၄၂၀ ၃၀၀ ၂၆၂**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ပြည်မြို့၊ ရွှေကူရပ်ကွက်၊ အကွက်အမှတ် (၅)၊အကွက်အမည်(ရွှေကူအကွက်)၊ ဦးပိုင်အမှတ်(၁၉၃)၊ မြေချိန်ဧရိယာ (၀.၀၆၄)ကေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးမိုးဇင်မှ လျှောက်ထားလာသည့်အတွက် ယင်းအမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပြည်မြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ်(၆)၊ အကွက်အမည်(ကျောင်းကြီးအကွက်)၊ ဦးပိုင်အမှတ်(၉၉) မြေချိန်ဧရိယာ (၀.၀၈၅)ကေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဦးမိုးဇင်မှ လျှောက်ထားလာသည့်အတွက် ယင်းအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပြည်မြို့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ပြည်မြို့၊ ရွှေကူရပ်ကွက်၊ အကွက်အမှတ်(၅)အကွက်အမည် (ရွှေကူအကွက်)၊ ဦးပိုင်အမှတ် (၂၃)၊မြေချိန်ဧရိယာ (၀.၀၃၆)ကေကို ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဦးကျော်သူမင်း၊ ဒေါ်ချိုရီဝင်းတို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပြည်မြို့**

## မန္တဟာဘုရားကြီး ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့် ရွှေပြည့်အောင်ပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ မြင်းကပါအရပ်၌ သက္ကရာဇ် ၄၂၉ ခုနှစ်တွင် သထုံပြည့်ရှင် မနူဟာမင်းကြီးနှင့်မိဖုရားကြီး နင်္ဂလာဒေဝီတို့ တည်ထားကိုးကွယ်တော်မူခဲ့သော မနူဟာမြတ်စွာဘုရားကြီး၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အထွဋ်တင်ခြင်းနှင့် အလယ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသက်န်းဆက်ကပ်လှူဒါန်းအောင်မြင်ခြင်း အထိမ်းအမှတ် ပြုလုပ်မည်ဖြစ်ပါ၍ ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၁၄၊ ၁၅)ရက် (၂၉/၃၀-၅-၂၀၂၆)ရက်တွင် ကျင်းပပူဇော်မည်ဖြစ်ပါသောကြောင့် ရပ်ဝေး/ရပ်နီးမှ အလှူရှင်များအား အသိပေးအကြောင်းကြား ဖိတ်ကြားအပ်ပါသည်။

**မနူဟာဘုရားကြီး**
**ဂေါပကအဖွဲ့**

ဆက်သွယ်ရန် ဖုန်း-၀၆၁-၂၄၆၅၄၀၁၊ ၀၉-၄၀၂၇၈၆၉၁၃၊ ၀၉-၄၀၂၅၀၁၁၇၈

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄) ၊ လူနေ ရပ်ကွက်အမှတ်(၄)၊ အကျိုးဆောင်လမ်း၊ မြေကွက်အမှတ်(၈၁၂) ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဦးစိုးအောင် အမည်ပေါက် အလျားပေ (၄၀)၊ အနံပေ(၆၀)၊ ဧရိယာစတုရန်းပေ (၂၄၀၀) မြေကွက်အနက်မှ တရားဝင်ပြန်လည်ခွဲစိတ်နေသော မြေကွက် (ဂရန်မိတ္တူခြမ်း)(ခြေရင်းခြမ်း) အလျားပေ ( ၂၀ )၊ အနံပေ( ၆၀)၊ ဧရိယာစတုရန်းပေ (၁၂၀၀ ) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်ရေ/မီးအစရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သက်မြတ်နိုးအောင်(၁၀/ခဆန(နိုင်)၁၃၁၂၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဖူးငုံအိခိုင်သာ(ခ) Augustina Nyan (၁၂/တမန(နိုင်)၁၀၅၅၆၄)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖူးငုံအိခိုင်သာ(ခ) Augustina Nyan ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)**
မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၆၉၇၊ (၂၄၀၀ စ/ပေ)၊ မြေကွက်တည်နေရာ အမှတ်(၆၉၇)၊ ဦးပုညလမ်းသွယ်(၂)လမ်း၊ ဒေါ်လှကျင် (၁၂/သဃက(နိုင်) ၀၉၆၉၁၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်လှကျင် (မိခင်) သည် (၂-၅-၂၀၂၃)ရက် တွင်လည်းကောင်း၊ ဦးထွန်းငြိမ်း (ဖခင်) သည် (၂၄-၁-၁၉၉၇) ရက်တွင် လည်းကောင်း ကွယ်လွန်ခဲ့သဖြင့် ဒေါ်ဥမ္မာထွန်း (၁၂/သဃက(နိုင်)၀၉၇၇၃၇)၊ ဒေါ်နီလာထွန်း (ခ)သီတာထွန်း (၁၂/သဃက(နိုင်)၀၉၇၄၅၇)၊ ဦးအောင်မျိုးထွန်း ၁၂/သဃက(နိုင်) ၀၃၅၆၆၂)၊ ဒေါ်မိုးမိုးထွန်း ၁၂/သဃက (နိုင်)၀၉၇၁၆၇ တို့မှ တရားဝင်အမွေဆက်ခံ ခွင့်ရှိသည့် သားသမီးများ တော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောသားသမီး တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အမွေစားအမွေခံ ကတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၅၀၄/၂၀၂၆ (၂၇-၁-၂၀၂၆) ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၄၈)၊ မြေကွက်အမှတ်(၇၄၆) ဟုခေါ်တွင်သည့် ဒေါ်ကြည်ကြည်သန်း အမည်ပေါက် ပါမစ်မြေ အမျိုးအစား၊ အကျယ်အဝန်း ပေ (၄၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းသူအောင် ၁၂/ဒဂတ (နိုင်)၀၅၁၄၅၄ မှ အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမို့မို့ဝင်း(၁၂/လကန(နိုင်)၂၀၂၈၇၅)၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝေယံစိုး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၄၇)**
**အမှတ်(၅၄၆/က)၊ ဆုပြည့်ရတနာ(၃)လမ်း၊ ၅၆ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၅၂၀၉၄၈၄၀**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/93350 Supreme Force 125 ယာဉ်လက်ဝယ်ရှိသူ CP Motor Myanmar Co.,Ltd က ကမ-၃ပျောက် မိတ္တူလျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/7167 Honda 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က ကမ-၃ပျောက်မိတ္တူ လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက် ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/2284 ယာဉ် လက်ဝယ်ရှိသူ ဒေါ်စွဲ့ထွန်းသီတာ ၁၂/ပတအ (နိုင်)၀၃၁၂၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မြစ်ကြီးနား)**

---

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး ကျေးရွာ အရှေ့ပိုင်း၊ အရှေ့ဘက်တွင် အောင်စည်းခုံဘုရားလမ်း၊ အနောက်ဘက် တွင် ပလောင်သီလရှင်ကျောင်း၊ မြောက်ဘက်တွင် ပလောင်သီလရှင်ကျောင်းနှင့် ဓမ္မရဝေဘုန်းကြီးကျောင်း၊ တောင်ဘက်တွင် ဣစ္ဆာသယ ပတ္တမြားစေတီနှင့် ပတ္တမြား စေတီလမ်း ဟုခေါ်တွင်သည့် အနားလေးရပ်အတွင်းရှိ ၁.၈၂ ဧက အကျယ်ရှိ မြေတိုင်းအမှတ်(၅၃၄/စီ)၊ ဦးပိုင်အမှတ်(၁၁၁)၊ ၅၁/၅၂ မြေကွက်များအား ပြေစာ အမည်ပေါက်များထံမှတစ်ဆင့် ဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင် ခဲ့၍ လက်ရှိထားလျက်ရှိသော ကျွန်ုပ်ပိုင် မြေကွက်ကြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကြီးအား ကျွန်ုပ်၏ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်းထွန်း(ခ)ပါစီပြည်ဟိန်း**
**၁၂/မဂဒ(နိုင်)၁၀၆၅၃၀**
**အမှတ်(၄/၃၆၁)၊ ကာယ(၁၂)လမ်း၊ သဃ်န်းကျွန်းကြီး၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၉-၄၃၁၆၃၄၇၅**

---

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
## အယူခံတရားပြိုင်သို့အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ဘားအံခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၈

ဒေါ်တင်တင်ချို **နှင့်** ၁။ ဒေါ်နီနီဝင်း
၂။ ဒေါ်စုစုလှိုင်
**(အယူခံတရားလို)** — **(အယူခံတရားပြိုင်များ)**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်စွဲပါ ဘားအံမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်-၂၃/၂၀၂၅ အမှုတွင် ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

အယူခံ တရားပြိုင်(၂)ဒေါ်စုစုလှိုင်၊ ဥယျာဉ်လမ်း၊ (၁၅၀)ကွက်သစ်၊ အမှတ်(၄) ရပ်ကွက်၊ ဘားအံမြို့နေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ဘားအံမြို့နယ်တရားရုံးတော်က ချပေးသည့်ဒီကရီကို အယူခံ တရားလို က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ မေလ ၂၅ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက် သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆို ထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်း ကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းနိုင်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ဘားအံခရိုင်တရားရုံး

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက် အမှတ်နှင့် အမည် (၁၆-ခ/၁၊ ခေမာသီရိရပ်)၊ ဦးပိုင်အမှတ်(၆၀)၊ မြေဧရိယာ(၀.၁၅၀)ဧကရှိ မြေကွက်သည် မူလက ဦးမောင်သိန်း အမည်ဖြင့်(၃၀-၆-၂၀၂၃) ရက်အထိ နှစ်(၃၀) မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင်က မူလမြေဧရိယာ (၀.၁၅၀)ဧကနက် အရှေ့ဘက်ခြမ်းဧရိယာ(၀.၀၄၉)ဧကအား ဦးပိုင်ခွဲစိတ်ရောင်းချပေးခဲ့ပြီး ကျန်ရှိ သည့် မြေဧရိယာ(၀.၁၀၁)ဧကအား ဦးမောင်သိန်း၁/မကန(နိုင်)၀၃၃၂၆၃ က ၎င်း၏သားသမီးများ ဖြစ်သည့်ဒေါ်ခင်စမ်းအေး ၁/မကန(နိုင်)၀၉၆၅၄၃၊ ဒေါ်ခိုင် သူဇာ ၁/မကန(နိုင်)၁၀၅၁၄၂၊ဦးကျော်မျိုးထွန်း ၁/မကန(နိုင်)၁၂၃၂၅၈၊ဒေါ်နွယ် နီသိန်း ၁/မကန(နိုင်)၁၂၅၇၉၃တို့၏အမည်အားပူးတွဲ၍ ဦးမောင်သိန်း ပါ (၅)ဦး အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ဖြည့်စွက်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနား ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့် ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက် များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ပိုက်သေလည်ရပ်ကွက်၊ သပြေလမ်းနေ (ဘ) ဦးသက်ဦး ၏သမီး မသျှင်နှင်းဦး ၉/ညဥန(နိုင်)၂၃၁၆၄၉ ၏ မွေးနေ့အမှန်မှာ ၃၀ ရက် နိုဝင်ဘာလ ၂၀၀၁ ခုနှစ် ဖြစ်ပါကြောင်း အတိအလင်း ကြေညာအပ်ပါသည်။

## ဖခင်အမည်မှန်

ရေနံချောင်းမြို့နယ်၊ အထက (ခွဲ) ဘုရားကုန်းကျောင်း၊ Grade – 7 မှ မသက်ဖူးစံ၏ ဖခင်အမည်မှန်မှာ ဦးဗိုရန်နိုင် ၈/ရနခ(နိုင်)၀၈၂၄၄၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမောင်ပါ (ခ)ဦးပါ မှတ်ပုံတင်အမှတ် ၅/ကဘန(နိုင်) ၀၀၁၆၂၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ ဇမ္ဗူသီဂီလမ်း၊ အမှတ် (၂) နေ ခိုင်ပွင့်ဖြူ ၁၂/သဃက(နိုင်)၁၇၅၇၅၄ ၏ မိခင်အမည်မှန်မှာ မင်းမင်းစော ၁၂/သဃက(နိုင်)၁၅၂၅၉၇ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/3221 Toyota Crown JZS 175 R, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်နိုင် ၁၀/ခဇန(နိုင်)၀၀၁၉၄၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဝယ/၅၈၄၆၀ Kenbo Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မကြီး ၉/လ၀န(နိုင်) ၀၉၉၈၇၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
နေပြည်တော်ရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5R/5373, Hyunda H–1 Mini Bus(4x2)L Everclever (Myanmar) Co.,Ltd. က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် "ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်"

၂၀၂၆ ခုနှစ်၊ မေလ (၁၇) ရက်မှ မေလ (၁၈) ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ( ၂၀.၀၁ ) ပေခန့်မှ (၂၀.၀၄) ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့် ပတ်သက်၍ ယခင် ၂၀၁၄–၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ (၂၂) ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံ ရေစစ်မျဉ်းအထက် အမြင့် (၂၀) ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန် အလို့ငှာ ယခုကဲ့သို့ သတိပေးသတင်း ထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေး အကြောင်းကြားအပ်ပါသည်။

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ပုဗ္ဗသီရိရပ်)၊ မြေကွက်အမှတ် (ပ–၂၂၃၀) အကျယ်အဝန်း ပေ(၈၀ x ၆၀)၊ ဧရိယာ (၀.၁၁၀)ဧကရှိ နှစ် (၃၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးနိုင် (၉/တကန(နိုင်)၀၈၅၄၅၈) ထံမှ ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်ထားသူ ဦးဖြိုးဝေမြင့် (၉/မခန(နိုင်)၁၄၉၀၉၃)က ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စိုးသူဇာမင်း (၉/မကန(နိုင်)၁၀၅၃၂၄) က (၇–၅–၂၀၂၆) ရက်တွင် အပြီးပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းသို့ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်၏ ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးသူဇာမင်း (၉/မကန(နိုင်)၁၀၅၃၂၄) ထံသို့ဖြစ်စေ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးချစ်ဖြူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၈၈၉)**
**အမှတ် (၇၂၃၂)၊ ကျိုင်းတုံလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊**
**ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း– ၀၉–၄၃၀၃၅၉၈၅၊ ၀၉–၂၅၄၁၅၅၂၄၁**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း–အကွက်အမှတ်နှင့် အမည်(၄/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၁၉)၊ မြေဧရိယာ (၀.၁၄၇) ဧက၊ နှစ် (၃၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အဆောက်အအုံ(၁)လုံး အပါအဝင် လုပ်ပိုင်ခွင့်/ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဦးဆန်းဝင်းညို (ဘ) ဦးခင်မောင်ညို (၁၃/ကမန(နိုင်)၀၀၁၀၉၀) အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်သီတာဦး (၉/မရမ(နိုင်)၀၈၁၂၉၆) က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မီမီသွယ် (၁၃/မဘန(နိုင်)၀၁၄၃၉၈) မှ ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူ မဆို ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်မီမီသွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထက်ထက်ပိုင် (စဉ်–၁၉၅၈၃) တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်မြို့**
**ဖုန်း– ၀၉–၄၄၉၃၆၉၄၆၅**

## စာရွက်စာတမ်းပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာခြင်း

ဦးကျော်ကျော်ဇင်လတ် (ဘ) ဦးစိုးနိုင် (၇/က၀န(နိုင်)၁၁၄၀၅၇) ဥဿာမြို့သစ်၊ ဓမ္မဇျူဟာလမ်း၊ အမှတ် (၁၉)၊ ပဲခူးမြို့နေသူမှ အောက်ပါအတိုင်း အကြောင်းကြား ကြေညာခြင်းဖြစ်ပါသည်–

ဦးကျော်ကျော်ဇင်လတ်သည် တပ်ကြပ်ကြီး ဦးစိန်သာအောင် (ဘ) ဦးသာဒွန်းအောင်၊ (ကပ– ၃၁၅၀၅၄) ထံမှ ၎င်းပိုင်ဆိုင်သော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့ (ဥဿာမြို့သစ်)၊ ကျွန်းသာယာရပ်ကွက်၊ ကွင်းအကွက် အမှတ်နှင့်အမည်–၄/သီးသန့် –၁၊ ဦးပိုင်အမှတ်– ၂၁၊ ပဲခူးခရိုင် မြို့မြေမှုအမှတ်– ၇၂/ ငါး/ ၉၉–၂၀၀၀ အရ (၉–၇–၁၉၉၉) မှ (၈–၇–၂၀၂၉) ထိ မြေငှားဂရန်ရရှိထားသော ဧရိယာ (၀.၀၅၅) ဧက အကျယ်အဝန်းရှိ တပ်ကြပ်ကြီး ဦးစိန်သာအောင် အမည်ပေါက် ဂရန်မြေအမျိုး အစားမြေကွက်နှင့် ယင်းမြေပေါ်ရှိမြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၂–၁–၂၀၂၂) ရက်တွင် အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ရယူဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ပဲခူးမြို့၌ ရေကြီးနစ်မြုပ်မှုဖြစ်ပွားသဖြင့် အထက်ဖော်ပြပါ မြေကွက်၏ မူရင်းဂရန်မှာ ပျောက်ဆုံးသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမူရင်းဂရန်အားတွေ့ရှိထားပါက ကျွန်ုပ်ထံသို့ လာရောက်ပေးအပ်လျှင် ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ ဤကြေညာပါသည့်ရက်မှ (၇) ရက်ထိ စောင့်ဆိုင်းမည်ဖြစ်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက စာရွက်စာတမ်းဥပဒေနှင့်အညီ သက်ဆိုင်ရာဌာနများသို့ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးကျော်ကျော်ဇင်လတ် (၇/က၀န(နိုင်)၁၁၄၀၅၇)**
**အမှတ် (၁၉)၊ ဓမ္မဇျူဟာလမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့**
**ဖုန်း– ၀၉–၄၂၈၁၀၉၂၇၂၇**

## "ခင်ပွန်းအဖြစ်မှ (လုံး၀) မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြော်ငြာခြင်း"

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့၊ မြို့မ(၁၂/ခ) ရပ်ကွက်နေ ဦးဝင်းကိုကို (ဘ) ဦးဝင်းဦး (၅/ခပန(နိုင်)၀၁၀၄၈၈) နှင့် ဒေါ်သိမ့်သိမ့်နွေး (ဘ) ဦးမောင်စိန် (၅/တမန(နိုင်)၀၆၃၇၇၃) တို့သည် (၇–၁၂–၂၀၁၆) ခုနှစ်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီး (၂) ဦး ထွန်းကားခဲ့သော်လည်း ခင်ပွန်းဖြစ်သူ ဦးဝင်းကိုကိုသည် ခွင့်မလွှတ်နိုင်သည့်လူမှုရေးကိစ္စရပ်များ အကြိမ်ကြိမ်ပြုလုပ်ပြီး (၃–၇–၂၀၂၅) ရက်နေ့တွင် နောက်အိမ်ထောင်ပြုသွားပြီဖြစ်သဖြင့် ခင်ပွန်းအဖြစ်မှ လုံး၀ (လုံး၀) သက်ဆိုင်မှုမရှိပါတော့ကြောင်းနှင့် နောက်နောင်တွင်လည်း ဦးဝင်းကိုကို (ဘ) ဦးဝင်းဦး ဖြစ်သူနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်အားလုံးကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိမ့်သိမ့်နွေး၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဆွေသီရိလွင် (LL.B)** | **ဒေါ်ဝါဝါဝင်း ( LL.B, DIL)** |
| **(စဉ်–၁၄၈၄၆)** | **(စဉ်–၅၅၀၁၉)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ဈေးတန်း (၆) ရပ်ကွက်၊ တမူးမြို့၊ ဖုန်း–၀၉–၄၅၂၅၂၂၂၀၂**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၄၁၊ နည်းဥပဒေ – ၁၄)**
**ဘားအံခရိုင်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် – ၉**

| | | |
|---|---|---|
| ဒေါ်တင်တင်ချို | နှင့် | ၁။ ဒေါ်နီနီဝင်း |
| | | ၂။ ဒေါ်စုစုလှိုင် |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်များ)** |

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်စွဲပါ ဘားအံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၂၄/၂၀၂၅ အမှုတွင် ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

အယူခံတရားပြိုင် (၂) ဒေါ်စုစုလှိုင်၊ ဥယျာဉ်လမ်း၊ (၁၅၀) ကွက်သစ်၊ အမှတ် (၄) ရပ်ကွက်၊ ဘားအံမြို့နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ဘားအံမြို့နယ်တရားရုံးတော်က ချပေးသည့်ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်) နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂၊ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၄) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းနိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ဘားအံခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/2179 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ဒေါ်တင်တင်လှဲ့(ခ)ဒေါ်ပေါက်(ဘ)ဦးအေး (၇/ဖမန(နိုင်)၀၀၁၅၂၃) နှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးအောင်လွင်(ဘ)ဦးကျင်သိန်း ၇/ဖမန(နိုင်) ၀၇၆၀၁၀ သည် ဒေါ်တင်တင်လှဲ့(ခ)ဒေါ်ပေါက်(၇/ဖမန(နိုင်)၀၀၁၅၂၃)နှင့် တရားဝင်လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့သည်မှာ (၃၂)နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ဦးအောင်လွင်သည် အိမ်ထောင်သက်တမ်းတစ်လျှောက် ဇနီးဖြစ်သူအပေါ် လင့်ဝတ္တရားများနှင့်အညီ အဖက်ဖက်မှတာဝန်ကျေပွန်စွာ ပေါင်းသင်းခဲ့သော်လည်း ဒေါ်တင်တင်လှဲ့(ခ)ဒေါ်ပေါက်သည် အကြောင်းတစ်စုံတစ်ရာမျှမရှိဘဲ မိသားစုဝင်များစိတ်ဆင်းရဲအောင် ကြိမ်ဖန်များစွာပြုလုပ်ခြင်း၊ မိသားစုဂုဏ်သိက္ခာ ညှိုးနွမ်းအောင်ပြုလုပ်ခြင်းများအကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ယခုအခါ ဒေါ်တင်တင်လှဲ့(ခ)ဒေါ်ပေါက်သည် ငွေများယူကာအိမ်ပေါ်မှ ထပ်မံ၍ ဆင်းသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဦးအောင်လွင် (ဘ)ဦးကျင်သိန်းသည် ဒေါ်တင်တင်လှဲ့(ခ)ဒေါ်ပေါက်အား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စတစ်စုံတစ်ရာဖြစ်ပေါ်လာပါက မည်သို့မျှသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်လွင် (ဘ) ဦးကျင်သိန်း ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ချိုမွန်( LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၉)**
**အမှတ်(၂၃၀၇)၊ ကျောက်စရစ်ကုန်း၊ ပုသိမ်မြို့။ ဖုန်း–၀၉ ၄၂၂ ၄၅၆ ၉၉၂**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၅/၃၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၂၄၄/ခ)၊ မြေဧရိယာ (၀.၃၀၂) ဧကရှိ မြေကွက်သည် မူလက ဦးခါဂ်ပါရ်ဆပ် အမည်ဖြင့် (၁၀–၂–၂၀၅၀) ရက်အထိ နှစ် (၃၀) မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင်က (၉–၂–၂၀၂၆) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၀၄၈/၂၀၂၆) အရ မူလမြေဧရိယာ (၀.၃၀၂) ဧကအနက် မြောက်ဘက်အခြမ်း ဧရိယာ(၀.၁၄၃)ဧကအား ဦးပိုင်ခွဲစိတ်၍ ဒေါ်မြင့်မြင့်သွယ် ၁/မကန (နိုင်)၀၈၂၅၆၅ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်မြင့်မြင့်သွယ် အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၆က/၁က၊ အုတ်ကျင်းရွာ)၊ ဦးပိုင်အမှတ် (၄၆၂)၊ မြေဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်သည်မူလက ဦးကိုဦး အမည်ဖြင့် (၂၉–၁၁–၂၀၁၇) ရက်အထိ (၁၅) နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးကိုဦးက (၅–၂–၂၀၀၃) ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်အရ ဒေါ်တင်မြ ၅/ရဥန(နိုင်)၀၁၂၄၁၁ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်တင်မြ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၁ နှင့် ၅)**
**မြစ်ကြီးနားခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၀**

| | | |
|---|---|---|
| ဦးကျော်မျိုးလွင် | နှင့် | ဒေါ်အေးမိစံ |
| (တရားလို) | | (တရားပြိုင်) |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် (၄၄၇)၊ ဒေါနကြိုင်ရပ်၊ သံလျက်မော်တောင်ရပ်ကွက် နေ တရားပြိုင် ဒေါ်အေးမိစံ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်မျိုးလွင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး**
**မြစ်ကြီးနားခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ မြစ်တော်ကျေးရွာနေ ဦးမြင့်ဦး (ဘ) ဦးညိုရှိ (၅/ခဥန(နိုင်)၀၄၀၆၄၁) ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပုသိမ်ကြီးမြို့၊ ရေထွက်ကျေးရွာအုပ်စု၊ ရန်ကင်းအောင်ရပ်ကွက်၊ ကွင်းအမှတ် (၄၉၈–က) ကွင်းအမည် (ကျီကုန်း)၊ ဦးပိုင်အမှတ်(၁၆၀)၊ ဧရိယာ (၀.၀၅၅)ဧကအတွင်းမှ မြောက်ဘက်ခြမ်းခဲစင်းဧရိယာ(၀. ၀၂၇၅)ဧက၊ ဦးဘစိန် အမည်ပေါက် ဖြစ်သည့် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးဘစိန်၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်နိုင်ဆွေသင်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဦးက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရန်မျိုးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၇၄၃/၇–၇–၂၀၂၅)**
**ရန်ကင်းသာယာ (၃) လမ်း၊ ရန်ကင်းသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့**
**ဖုန်း–၀၉–၇၉၈၇၀၁၁၂၇**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်(လလ–၈၀)နေ ဦးဇေယျာမင်းသူ (ဘ) ဦးခင်မောင်ညွန့် (၉/မနတ(နိုင်)၀၀၀၂၈၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာမင်းသူ နှင့် ဒေါ်ကြည်ကြည်ဝင်း (ဘ) ဦးကျော်တင် (၁၃/လရန(နိုင်)၁၁၂၂၁၃)တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ဆက်လက်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနိုင်ရန် စိတ်ဆန္ဒမရှိတော့ပါသောကြောင့် (၂၆–၆–၂၀၂၄)ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်သည့်အပြင် ထိုရက်တွင်ပင် ကျွန်တော်တို့ လင်မယားနှစ်ဦး ပေါင်းသင်းစဉ် ဖြစ်ထွန်းခဲ့သည့် လက်ထပ်ပွားပစ္စည်းများကိုလည်း နှစ်ဦးသဘောတူ ခွဲဝေခဲ့ကြပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဇေယျာမင်းသူနှင့် ဒေါ်ကြည်ကြည်ဝင်းတို့သည် (၂၆–၆–၂၀၂၄) ရက်မှစ၍ လင်ခန်းမယားခန်း လုံး၀ပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး စီးပွားရေး လူမှုရေးတို့တွင် မည်သို့မျှပတ်သက်ဆက်နွှယ်ခြင်း လုံး၀မရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရွှေမြင့်ဇော် (LL.B) (စဉ်–၁၆၂၅၁)**
**တရားလွှတ်တော်ရှေ့နေ**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း– ၀၉–၂၅၇၃၀၈၇၄၅**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ကွင်း/အကွက်အမှတ် (မ– ၂ / ပဒေသာ)၊ ဦးပိုင်အမှတ်– ၅၈၊ မြေယာအမှတ်၏ မြေဧရိယာ (၀.၀၅၅) ဧက အား ဦးခင်မောင်ရွှေ ၉/မမန(နိုင်)၀၁၉၆၅၉ အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား မူရင်းများပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကြေကွဲဝမ်းနည်းခြင်း
## ဒုတိယဗိုလ်မှူးကြီး သိန်းကျော် (ငြိမ်း)
### (OTS -၅၃)
### အသက် (၇၉) နှစ်

ဒုတိယဗိုလ်မှူးကြီး သိန်းကျော်(ငြိမ်း)သည် ၆-၅-၂၀၂၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။ သူငယ်ချင်းကောင်းရာ သုဂတိရောက်ပါစေ။

**OTS -၅၃၊ ကျောင်းဆင်းသူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ မြေဧရိယာ (၀.၁၁၀ ဧက)ရှိ မြေကွက်အမှတ်(ပ-၂၃၃၀၉)ကို အမည်ပေါက် ဦးတင်ဝင်း (ဘ) ဦးကိုလှ ၁၃/မရတ(နိုင်)၀၀၂၅၃၇မှ ဒေါ်ညိုညိုစန်း (ဘ)ဦးသန်းတိုး ၅/မမန(နိုင်)၀၆၉၅၈၅နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ မြေကွက်အမှတ်(ရ-၁)၊ အကွက်အမှတ် (၁၀၆/၁၀၇)၊ မြေဧရိယာပေ(၈၀x၃၀)ရှိ (၂၅-၁၁-၂၀၀၃) ရက်စွဲပါ ပြင်ဦးလွင်မြို့ မြို့မြေနေရာ ချထားပေးရေးအမိန့်အမှတ်(0429)အရ ဒုအရာခံဗိုလ် အောင်မြင့် အမည်ပေါက် မြေကွက်နှင့် ယင်းမြေပေါ် မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဒေါ်ငြိမ်းငြိမ်းမွန်၊ ဒေါ်အိအိအောင်၊ ဒေါ်ညိုညိုသိမ့် (၃)ဦးတို့မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြဖြူဖြူမင်း (LL.B, D.B.L, D.I.L, I.P.Law)**
**(စဉ်-၄၀၁၉၄) (အထက်တန်းရှေ့နေ)**
**ရပ်ကွက်ကြီး ( ၁၀ ) ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၅၀၉၃၃၃၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ အောက်ကွင်းကျေးရွာနေ ဦးအောင်မင်းကျော် ၁၄/ပသန(နိုင်)၁၄၁၇၂၄၊ ဒေါ်ယဉ်ယဉ်ဆွေ ၁၄/ပသန(နိုင်) ၀၁၀၅၇၅ တို့၏သား၊ ကိုကိုလွင် ၁၄/ဖပန(နိုင်)၀၉၉၆၅၁ သည် မိသားစုအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်လုပ်ပြီး ဆိုဆုံးမမှု နာခံခြင်းမရှိသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်တို့ကို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မင်းကျော်**
**ဒေါ်ရင်ရင်ဆွေ**
**အောက်ကွင်းကျေးရွာ၊ ဖျာပုံမြို့**

### ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/98336 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနှင်းစိုး ၇/တငန(နိုင်)၂၁၁၄၀၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

### ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/59687 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းသူ ၇/ရတရ(နိုင်)၁၃၀၃၉၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

### ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/70407 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်း ၁၂/သဃက(နိုင်)၁၅၄၄၁၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

### ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/ 8375 ယာဉ်လက်ဝယ်ရှိသူ ဦးရမ်းကူမာရ် ၇/တငန(ပြု)၀၀၁၇၃၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ဦးအောင်ဇော်ဦး(ခ)ကိုလေး
### (ဆသရ-စက်မှု-၅)(ငြိမ်း)
### အသက်(၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ အမှတ်(93/A)၊ပထမထပ်၊ ခြေရင်းခန်းနေ(ဦးတင်ဝင်း-ဒေါ်သန်းရီ)တို့၏သား၊ (ဦးမြင့်မောင်)-ဒေါ်မြင့်သိန်းတို့၏သားသမက်၊ ဒေါ်သီတာဝင်း၏မောင်၊ မဏိရတနာကျောင်း တိုက်အုပ်ဆရာတော် ဥူးသုစိတ္တ၏ညီ၊ ဦးမောင်မောင်သိန်း-ဒေါ်တင်နီလာဝင်းတို့၏ အစ်ကို၊ တူ၊တူမ (၄)ယောက်တို့၏ ဦးလေး၊ ဒေါ်ယဉ်မင်းရတနာ၏ ချစ်လှစွာသောခင်ပွန်းသည် ၈-၅-၂၀၂၆ရက် (သောကြာနေ့)နံနက် ၆:၂၉ နာရီတွင်(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၆ရက် (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ကြပါရန်နှင့် ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၂၆ ရက် (ကြာသပတေးနေ့)နံနက်တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတမ်းပေးဝေလိုပါသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ အမှတ်(93/A) ပထမထပ်၊ ခြေရင်းခန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ ဆင်ခေါင်းအုပ်စု၊ ဆင်ခေါင်းကျေးရွာနေ ဦးသောင်းဆွေ၏သား မောင်ဆွေမင်းထက် ၅/ကလဝ(နိုင်) ၀၅၈၈၈၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၂-၂၀၀၄ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

(ဘ) စောဖိုးလားထူး၏ သမီးနော်ခရစ်အယ်ဖော ၇/ရတခ(နိုင်) ၁၉၁၉၆၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၅၅၉၄၀၄၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ် ၆၁၂၊ ဦးပိုင်အမှတ် (၂၃/၁၊ ၂၃/၂) ခဲစင်းနောက်ခြမ်း၊ စစ်-မန်းလမ်းပေါ် နှာပေါက်အနီး၊ မြစ်ကြီးနား-မန္တလေးမီးရထားလမ်း အရှေ့ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးနိုင်(မန်နေဂျင်းဒါရိုက်တာ၊ အေးအေးခိုင်ကုမ္ပဏီ) ၅/ စကန(နိုင်)၀၄၉၀၂၇ကဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ အကွက်အမှတ် (၁၅-၆)၊ ရှမ်းစုအကွက်၊ ဦးပိုင်အမှတ် (၄-ဆ)၊ မြေချိန်ဧရိယာ (၀.၀၉၁)ဧကရှိ ဦးအေးတိုး၊ ဒေါ်အေးအေးဝင်း အမည်ထွက် ဘိုးဘပိုင်ခြံမြေအား ပူးတွဲပိုင်ဆိုင်ခွင့်ရှိသူ ဦးအေးတိုးမှ ကျွန်မ ဒေါ်အေးအေးဝင်း (၇/ပမန(နိုင်)၁၁၅၅၇၄) ထံသို့ ပြည်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်(၀၂၅/၂၀၂၆ )အရ တရားဝင်အပြီးအပိုင် လွှဲပြောင်းစွန့်လွှတ်ပေးကမ်းပြီးဖြစ်ပါ၍ ဖော်ပြပါဘိုးဘပိုင်ခြံမြေအား မူလအမည်မှ ကျွန်မ ဒေါ်အေးအေးဝင်း အမည်သို့ပြောင်းလဲလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရက်မှစ၍ (၁၅) ရက်အတွင်း စာချုပ်စာတမ်း အထောက်အထား အပြည့်အစုံဖြင့်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဘိုးဘပိုင်ခြံမြေ အမည်ပြောင်းကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးဝင်း၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ မြေကွက်အမှတ်(၂၄၇) မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၆)ထပ်တိုက်၏ တိုက်အမှတ်(၃၃)၊ ပဉ္စမထပ်(၆)လွှာ(ခြေရင်းခန်း) အကျယ်အဝန်း(၁၂'x ၅၀')ပေရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ယုယလွင် (၁၂/ဗဟန(နိုင်)၀၉၆၁၂၈)က ဝယ်ယူပိုင်ဆိုင် အကျိုးခံစားရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်မ ဒေါ်ထွေးထွေးညို (၁၀/ကထန(နိုင်)၀၆၃၀၅၁)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါပြီး (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ထွေးထွေးညို**
**(၁၀/ကထန(နိုင်)၀၆၃၀၅၁**
**ဖုန်း-၀၉-၇၈၈၀၀၀၄၉၆**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော မလှိုင်ယာဟတ်(၅/မသန (နိုင်)၀၀၂၃၄၆) ကိုင်ဆောင်သူသည် (အဘ) ဦးဒိုဂင်နှင့်အမိဒေါ် ဟွိုင်ခိုနိမ်တို့၏သားဖြစ်သူမောင်ဆေးဒိုဆပ်ဟောက်ကိပ်နှင့် (၂၅-၁-၂၀၁၉ ) ရက်နေ့ တွင်အကြင်လင်မယားအဖြစ်ထိမ်းမြားလက်ထပ်ခဲ့ကြပါသည်။ ကျွန်ုပ် မိတ်ဆွေ၏ခင်ပွန်းဖြစ်သူသည်ကျွန်ုပ်၏မိတ်ဆွေနှင့်မထိမ်းမြားခင်က အဘ ဦးပေါင်လက်၏သမီးမလျှင်ဟာတ်ဆိုသူနှင့် (၁-၂-၂၀၀၅) တွင် ထိမ်းမြားခဲ့ပြီး ၊ ( ၅-၅-၂၀၁၇ ) ရက်နေ့တွင် ကွာရှင်းပြီးဖြစ် သည့်အကြောင်းကို အများပြည်သူသိရှိစေရန် ကြော်ငြာလိုက်ပါသည်။

ညွှန်ကြားသူ - ဦးအောင်နိုင် (LL.B,D.B.L,D.I.L)
(မလှိုင်ယာဟတ်) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၂၆)
(၃၅၂)ကျောက်မြောင်းစက်လမ်း၊ အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ (၃၅)လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၄၃၀၄၈၁၅၈

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ငွေးငွေးထွန်း
### အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ(ဦးလှထွန်း-ဒေါ်တင်တင်ကြည်)တို့၏သမီး၊ မုံရွာမြို့နေ(ဦးလှ-ဒေါ်အေး)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(မြောက်)မြို့နယ်၊ ၂၇ ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ ပင်လုံ(၁)လမ်း၊ တိုက်(၁၃)၊ အခန်း(၀၀၂)နေ (ဦးချို [ပါမောက္ခချုပ်(ငြိမ်း) ပုသိမ်တက္ကသိုလ်]၏ဇနီး၊ ဦးဇော်ပိုင်ထွန်း-ဒေါ်ယုရွှေစင်မြင့်၊ ဦးလမင်းထွန်း-ဒေါ်အေးသူဇာထွန်း၊ ဦးဇော်မင်းထွန်း-ဒေါ်အေးသီတာထွန်း၊ ဦးလွှမ်းအောင်မိုးထွန်း တို့၏ ချစ်လှစွာသောမိခင်၊ ကိုအောင်မျိုးထွန်း၊ မယုသဥ္ဇာဖြိုးတို့၏ ချစ်လှစွာသောအဘွား ဒေါ်ငွေးငွေးထွန်း အသက်(၇၆)နှစ် သည် ၈-၅-၂၀၂၆ ရက် (သောကြာနေ့) မွန်းလွဲ၁၂:၃၀ နာရီတွင် အထက်ပါနေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၀-၅-၂၀၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၀၈:၃၀ နာရီတွင် ထွက်ပါမည်)

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/5271 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး( မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစု ကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ (၀.၀၈၂ဧက)ရှိ မြေကွက်အမှတ်(ပ-၁၃၀)ကို အမည်ပေါက် ဒေါ်စန်းငွေ(ဘ)ဦးစိန်ဝင်း ၁၄/ဝခမ(နိုင်)၀၉၃၀၉၇ မှ ဦးစည်သူစိုး (ဘ) ဦးစိုးမြင့်အေး ၉/မဟမ(နိုင်)၀၁၈၅၂၃ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ပွဲကောက်ကျေးရွာ၊ ကွင်းအမှတ်(၆၈၃/၇၅၁)၊ ဦးပိုင်အမှတ် (၁-က)၊ ဧရိယာ (၄.၆၁)ဧကမှခွဲထွက်၍ မြေကွက်အမှတ်(B-19)၊ ဧရိယာပေ(၄၀x၆၀)ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို စာချုပ်အဆက်စပ် ဖြင့် ဦးသက်ထွန်း၊(၉/မမန(နိုင်)၀၇၉၉၆၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သိန်း (၁/မကန(နိုင်)၀၂၁၅၅၉) မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်ထက်ပိုင် (စဉ်-၁၉၅၈၃)**
**တရားလွှတ်တော်ရှေ့နေ၊**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ (ဖုန်း-၀၉-၄၄၉၃၆၉၄၆၅)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 2U/3776, Lifan, 3/W ယာဉ်လက်ဝယ်ရှိသူ ဦးစိန်အေး ၁၄/ပသရ(နိုင်)၀၀၀၈၇၅က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွ နံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 35W/34085, Honda Wave -110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစစိုးသူ ၁၄/မမန(နိုင်)၁၈၅၈၅၃ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၅-၂၀၂၆ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၅) ဒေါ်မျိုးစန္ဒာဝင်း၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် ဒေါ်သိဂီမြင့် ၁၂/လသန(နိုင်)၀၇၉၇၈၈ အစား ၁၂/ သလန(နိုင်)၀၇၉၇၈၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၇)၊ လှော်ကားလမ်း၊ မြေကွက်အမှတ် (၁၅၆၇)ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းရှိန် (၇/ကဝန(နိုင်)၀၉၀၇၃၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသန်းထိုက်(၁၀/ကမရ(နိုင်)၀၅၈၃၆၇)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ် ၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၅၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6S/7277, Toyota Hilux Adventure, Pick Up (Double cab 4x4) ယာဉ် လက်ဝယ်ရှိသူ ဦးနေမျိုးအောင် ၁၂/သလန(နိုင်)၀၇၉၈၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/8089, Toyota Landcruiser Prado KDZ1, Station Wagon (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးလွင်မင်းထက် ၁၂/လမတ(နိုင်) ၀၀၂၆၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စီးပွားဇုန်၊ ဦးပိုင်အမှတ်(B-၄၇(ခ))၊ ဧရိယာ (၀.၀၅၅)ဧကရှိမြေအား ဒေါ်သိမ့်သိမ့်အောင်အမည်ဖြင့် မြေငှားဂရန် အသစ်ချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်တွင်း စက်သုံးဆီစျေးနှုန်းများ လျှော့နည်းကျဆင်း

**၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်**

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းသုံးစွဲရန် လိုအပ်လျက်ရှိသော စက်သုံးဆီများကို ပြည်ပမှ အဓိက တင်သွင်းအသုံးပြုနေရသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ စက်သုံးဆီများဝယ်ယူခြင်းကို အရှေ့တောင်အာရှနိုင်ငံများတွင် Mean of Platts Singapore(MOPS)စျေးနှုန်းများအပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိပါသည်။

ဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေအနေများအပေါ်မူတည်၍ Mean of Platts Singapore (MOPS) စျေးနှုန်းများ အတက်အကျတည်ငြိမ်မှုမရှိသော်လည်း နိုင်ငံတော်အစိုးရမှ စီမံဆောင်ရွက်ပေးမှုနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA)တို့၏ ပူးပေါင်းဆောင်ရွက်ပေးမှုတို့ကြောင့် နိုင်ငံတော်တွင် ၁၀-၄-၂၀၂၆ ရက်နေ့မှစ၍ ပြည်တွင်းစက်သုံးဆီစျေးနှုန်းများ တည်ငြိမ်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ဒီဇယ်ဆီအသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်လျက်ရှိသည့် အခြေခံစားသောက်ကုန်များ၏ စျေးနှုန်းကိုထိန်းညှိပေးနိုင်ရန်အတွက် ရိုးရိုးဒီဇယ်ဆီ HSD(500 PPM) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန်(၂ %)တို့ကို နိုင်ငံတော်မှ ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ကင်းလွတ်ခွင့်ပြုသည့်အတွက် ပရီမီယံဒီဇယ်ဆီစျေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်လီတာလျှင် ၁,၀၂၀ ကျပ် သက်သာလျက်ရှိပါသည်။

*စာမျက်နှာ ၁၃ ကော်လံ ၄* ❖

## ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်နှင့် ကျိုင်းတောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ၊ ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၈

**မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။**

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၆၈၀၀ ခန့်အကွာသို့ အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၃ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ငါးဦး စုစုပေါင်း ၁၈ ဦးတို့အား အလျား ပေ ၁၂၀ အနံ ပေ ၃၀ ရှိ လူနေတဲ နှစ်လုံး၊ အလျားပေ ၁၂၀ အနံပေ ၃၀ ရှိ လုပ်ငန်းသုံးတဲ တစ်လုံး၊ အလျားပေ ၈၀ အနံပေ ၃၀ ရှိ မီးဖိုချောင် တစ်လုံး၊ All In One နှစ်လုံး၊ မီးစက်အလတ်

*စာမျက်နှာ ၁၅ ကော်လံ ၁* ❑



လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သည့် တရုတ်နိုင်ငံသား ၂၅ ဦးကို တွေ့ရစဉ်။

## တောင်ဥက္ကလာပမြို့နယ်၌ Football for School Program ဘောလုံးသင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ Pilot Project အစီအစဉ်ဖြင့် Football for School Program အရ ဖွင့်လှစ်သည့် ဘောလုံးသင်တန်းကို ယနေ့နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁)ရပ်ကွက် မြသီတာအားကစားကွင်း၌ ဖွင့်လှစ်သင်ကြားပေးသည်။

*စာမျက်နှာ ၁၅ ကော်လံ ၆* ❍



ယနေ့ သတင်းအညွှန်း

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲ ဆဋ္ဌသင်္ဂါယနာတင်ရာ သမိုင်းဝင်နေရာနှင့် သမိုင်းမှတ်တမ်းများ အသေးစိတ်လေ့လာနိုင် စာ ၄

တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက် စာ ၁၃

နိုင်ဂျီးရီးယားအလယ်ပိုင်း၌ ပြန်ပေးဆွဲခံရသော ကျောင်းသားများကို ရဲတပ်ဖွဲ့ကယ်ဆယ် စာ ၁၄